# ကြေးမုံ The Mirror

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ တနင်္ဂနွေနေ့၊ (20-11-2011) (၆၉၄၉)


## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံသားတိုင်း အစဉ်ဦးထိပ်ပန်ဆင်ရမည့် အမျိုးသားရေးတာဝန်ဖြစ် ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်အဖြစ် ခံယူဆောင်ရွက်ရမည် အာဏာသုံးရပ်ကို ပိုင်းခြားခွဲဝေ၍ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေ

## ပြည်သူတစ်ရပ်လုံးအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိသည့် နိုင်ငံအဖြစ် ရပ်တည်နိုင်အောင် အစိုးရအဖွဲ့နှင့်အတူ သွေးစည်းညီညွတ်စွာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၀

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ (၉၁)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်-**

**တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

ယနေ့သည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အမျိုးသားရေးစိတ်ဓာတ် ထက်မြက်မြင့်မားစွာဖြင့် အမျိုးသားပညာရေးလှုပ်ရှားမှုကြီးကို စတင်လှုပ်ရှားဆောင်ရွက်ခဲ့သည့် (၉၁)နှစ်မြောက် အမျိုးသားနေ့ ဖြစ်ပါသည်။

မျိုးချစ်စိတ်ဓာတ်ကို အရင်းခံ၍ မြန်မာတို့၏ လူမှုစီးပွားရေးဘဝနှင့် လိုက်လျောညီထွေသည့် ပညာရေးစနစ်တစ်ရပ် ပေါ်ထွန်းလာရေးအတွက် တစ်မျိုးသားလုံး ပူးပေါင်းပါဝင်လှုပ်ရှားဆောင်ရွက်ခဲ့သည့် အမျိုးသားရေးလှုပ်ရှားမှုကြီးမှတစ်ဆင့် နိုင်ငံချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ပြည့်ဝစွာဖြင့် ကိုလိုနီနယ်ချဲ့တို့ကို စည်းလုံးညီညွတ်စွာ တွန်းလှန်နိုင်ခဲ့သဖြင့် နိုင်ငံတော်၏ လွတ်လပ်ရေးအောင်ပန်းကို အရှိန်အဟုန်ဖြင့် ဆက်လက်တက်လှမ်းရယူနိုင်ခဲ့ပါသည်။

မြန်မာတို့သည် မျိုးရိုးဗီဇအားဖြင့် အမျိုး၊ ဘာသာ၊ သာသနာနှင့် ပညာကို အစဉ်လေးစားတန်ဖိုးထားကြသူများ ဖြစ်ကြသဖြင့် မြန်မာတို့၏ သမိုင်းစဉ်တစ်လျှောက်တွင် တိုင်းတစ်ပါးက ထိပါးကျူးကျော်လာမှုမှန်သမျှကို ရှုပ်ရှုပ်ချွံချွံ တွန်းလှန်မောင်းထုတ်နိုင်ခဲ့ခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းမြှင့်တင်နိုင်ခဲ့သည်ချည်းသာ ဖြစ်ပါသည်။

လွတ်လပ်ရေးရရှိပြီးနောက် အစိုးရအဆက်ဆက်က နိုင်ငံတော်တာဝန်များကို ရယူဆောင်ရွက်ခဲ့ရာတွင် မြန်မာနိုင်ငံကဲ့သို့သော ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံအတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တည်းဟူသော ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံသားတိုင်း အစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ရမည့် အမျိုးသားရေးတာဝန်ဖြစ်ကြောင်းနှင့် ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်အဖြစ် ခံယူဆောင်ရွက်ရမည်ဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ မိမိနိုင်ငံနှင့် မိမိလူမျိုးများ၏ ကံကြမ္မာကို မိမိတို့ကိုယ်တိုင် လွတ်လပ်စွာ ဆွေးနွေးဆုံးဖြတ်အကောင်အထည်ဖော်နိုင်ရေး၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ နိုင်ငံသူနိုင်ငံသားများ၏ လူမှုစီးပွားရေးဘဝပြည့်စုံလုံခြုံရေးတို့အတွက် နိုင်ငံသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်ပါသည်။

သိပ္ပံနှင့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ သတင်းအချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာများ လျင်မြန်စွာ ပြောင်းလဲကျယ်ပြန့်လာသဖြင့် အနာဂတ်ကာလ လူမှုစီးပွားရေးဘဝတွင် ကြုံတွေ့ရမည့်စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းကျော်လွှားနိုင်မည့် ပညာရေးမြှင့်တင်မှု အစီအစဉ်များကို နိုင်ငံအလိုက် ရေးဆွဲဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့်လည်း ၂၀၀၁-၂၀၀၂ ပညာသင်နှစ်မှစ၍ အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အတွက် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်မြက်မြင့်မားသည့် နိုင်ငံသားကောင်းများ၊ ပညာရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် ပေါ်ထွန်းလာစေရန် လေ့ကျင့်မွေးထုတ်ပေးလျက်ရှိပါသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးအဖြစ် တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ရာ အမျိုးသားညီလာခံကြီးက ရေးဆွဲပြုစုတင်ပြသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးက ဆန္ဒမဲပေးသူများ၏ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းဖြင့် ထောက်ခံအတည်ပြုပေးခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကို ၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၇ ရက်တွင် ကျင်းပပေးပြီး ပြည်သူများ ရွေးချယ်ပေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် ပထမအကြိမ် လွှတ်တော်အစည်းအဝေးများကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်မှ မတ်လ ၃၀ ရက်အထိ ကျင်းပပေးခဲ့ပါသည်။

လွှတ်တော်မှ နိုင်ငံတော်သမ္မတ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်၍ ယခုအခါ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာသုံးရပ်ကို ပိုင်းခြားခွဲဝေ၍ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေကြပြီဖြစ်ပါသည်။ ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိသည့်နိုင်ငံအဖြစ် ရပ်တည် နိုင်အောင် အစိုးရအဖွဲ့နှင့်အတူ သွေးစည်းညီညွတ်စွာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ် ပါသည်။

သို့ဖြစ်၍ ပြည်သူလူထုတစ်ရပ်လုံးသည် ယနေ့ကျရောက်သော (၉၁)နှစ်မြောက် အမျိုးသားနေ့တွင် အမျိုးသားနေ့ ဦးတည်ချက်များဖြစ်ကြသည့်-

**(၁) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး**

**(၂) အမျိုးသားပညာရည်မြင့်မားရေး**

**(၃) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး**

**(၄) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး**

- အစရှိသည့် အမျိုးသားနေ့ဦးတည်ချက်များနှင့်အညီ အမျိုးသားရေးအားမာန် အပြည့်အဝ စိုက်ထုတ်၍ ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

# (၉၁) နှစ်မြောက် အမျိုးသားနေ့ကို ဂုဏ်ပြုပါ၏။

ကြေးမုံစာတည်းရှုထောင့် ၂၀-၁၁-၂၀၁၁ [တနင်္ဂနွေနေ့]။

# အမျိုးသားရေးမီးရှူးတန်ဆောင် အမျိုးသားနေ့ဂုဏ်ဒြပ်

အမျိုးသားနေ့ အတိတ်သမိုင်းသည် လွန်ခဲ့သော နှစ်ပေါင်း ၉၀ ကျော်ကာလ နယ်ချဲ့တို့၏ ကိုလိုနီပညာရေးစနစ်ကို ကန့်ကွက်ခဲ့ရာမှ အစပြုသည်။ ကျွန်ပညာအလိုမရှိ ကြွေးကြော်သံ၏အနှစ်သာရကိုယူ၍ ကြိုးပမ်းခဲ့ကြရာ တိုင်းရင်းသားပြည်သူအပေါင်းတို့၏ မျိုးရိုးဇာတိမာန် ပြန်လည်ရှင်သန်လာခဲ့သည်။ အမျိုးသားရေးအားမာန်များ နိုးကြားရှင်သန်လာစေသော အမျိုးသားရေး လှုပ်ရှားမှုကြီးစတင်ခဲ့သည့် **၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့** ဟူ၍ ဂုဏ်ပြုသတ်မှတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအမျိုးသားရေးလှုပ်ရှားမှုသည် နယ်ချဲ့တို့က မြန်မာနိုင်ငံအား စိုးမိုးထားချိန်တွင် ပထမဆုံးပေါ်ပေါက်လာခြင်းဖြစ်သည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုတွင် အမျိုးသားရေးမီးရှူးတန်ဆောင်သဖွယ် လမ်းပြဖော်ဆောင်ပေးနိုင်ခဲ့သည်။ ကိုလိုနီပညာရေးစနစ်ကို ဆန့်ကျင်ရုံသာမက နယ်ချဲ့အစိုးရ၏ ဖိနှိပ်အုပ်ချုပ်မှုကိုပါ စိန်ခေါ်တွန်းလှန်ခဲ့ခြင်းဖြစ်သည်။

တိုင်းရင်းသားပြည်သူအပေါင်းတို့၏ ချစ်ကြည်ရင်းနှီး စည်းလုံးညီညွတ်မှုအင်အားဖြင့် အရှိန်အဟုန်မြှင့်တင်အားထုတ်ခဲ့ကြရာ မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့သည်အထိ စွမ်းဆောင်နိုင်ခဲ့သည်။ မြန်မာ့မြေ မြန်မာ့ရေတွင် ရှေးက ဆွေစုမျိုးစုများ အခြေချနေထိုင်လာရာမှ ပြည်ထောင်စုကြီးဖြစ်ထွန်းလာသောအခါ အားလုံးမြန်မာနိုင်ငံသားများ ဖြစ်လာကြသည်။ နိုင်ငံတည်ထောင်လာနိုင်သောအခါ နိုင်ငံချစ်စိတ် မျိုးချစ်စိတ်ဓာတ်တို့ ဖွံ့ဖြိုးတိုးတက်လာပြန်သည်။

မျိုးချစ်စိတ်မှတစ်ဆင့် မြင့်မြတ်သောနိုင်ငံချစ်စိတ်သို့ ကူးပြောင်းလာသောအခါ ဒေသစွဲ လူမျိုးစွဲ စိတ်ဓာတ်များ အလိုအလျောက်ပပျောက်သွားပေသည်။ လူမျိုးစုများစုပေါင်း၍ နေထိုင်လာကြရာ မေတ္တာဓာတ်ပိုမိုကြီးမားလာပြီး မျိုးချစ်ဟူ၍ ဂုဏ်ယူကြသည်။ မေတ္တာတရားသည် ကျဉ်းမြောင်းသော သဘောမရှိချေ။ သဗ္ဗေသတ္တာဟု အားလုံးသော ကမ္ဘာသူ၊ ကမ္ဘာသားများကို ရည်စူးမေတ္တာပို့နေကြသည်ဖြစ်ရာ ရန်သူမဟုတ်သော နိုင်ငံသားအချင်းချင်းတို့ မေတ္တာစေတနာထားနိုင်လျှင်ကား ဆိုဖွယ်ရာမရှိပြီ။ တိုင်းရင်းသားအားလုံးတို့ ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ်ဖြင့် ဘေးဒဏ်ရန်မာန်ခပ်သိမ်းကို ချုပ်ငြိမ်းနိုင်မည်သာ။

ဝံသာနုရက္ခိတခေါ် အမျိုးစောင့်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကို အရင်းခံ၍ အမျိုးသားရေးလှုပ်ရှားမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့သမိုင်းတွင် အောင်ပွဲအလီလီရရှိခဲ့သည့်သာဓကများစွာ ရှိသည်။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဝံသာနုရက္ခိတစိတ်ဓာတ်ခိုင်မာနေသည်နှင့်အမျှ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေး ထာဝရထိန်းသိမ်းစောင့်ရှောက်သွားနိုင်မည်ဖြစ်သည်။

နှစ်ပေါင်း ၉၀ ကျော်က ထွန်းလင်းတောက်ပခဲ့သော အမျိုးသားရေးမီးရှူးတန်ဆောင်သည် မြန်မာ့လွတ်လပ်ရေး အောင်ပွဲရယူနိုင်မည့် လမ်းကြောင်းကို အလင်းဆောင်ပြသခဲ့သည်။ မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်၊ အမျိုးသားရေးအားမာန်များ တက်ကြွရှင်သန်စေရန် မျိုးစေ့ချပေးခဲ့ပြီ။ တိုင်းရင်းသားပြည်သူများအားလုံးက အမျိုးသားနေ့၏ဂုဏ်ဒြပ်အနှစ်သာရ အစဉ်အလာကောင်းများနှင့်အညီ စည်းလုံးခြင်း၊ ညီညွတ်ခြင်းအင်အားဖြင့် နိုင်ငံတော်သစ်အတွက် ရှေ့သို့ခရီးဆက်ကြရန် တိုက်တွန်းပါသည်။ ။

# နေပြည်တော် ဥပ္ပါတသန္တိစေတီတော် အရှေ့ဘက်လိုဏ်တော်အတွင်း ယာယီကိန်းဝပ်စံပယ်တော်မူလျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား နေပြည်တော်မှ ရန်ကုန်မြို့သို့ ပင့်ဆောင်ခြင်းမဟာမင်္ဂလာအခမ်းအနား ဝတ်စုံပြည့်အစမ်းလေ့ကျင့်

နေပြည်တော် နိုဝင်ဘာ ၁၉

**နေပြည်တော် ဥပ္ပါတသန္တိစေတီတော် အရှေ့ဘက်လိုဏ်တော်အတွင်း ယာယီကိန်းဝပ်စံပယ်တော်မူလျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား နေပြည်တော်မှ ရန်ကုန်မြို့သို့ပင့်ဆောင်ခြင်း မဟာမင်္ဂလာအခမ်းအနား ဝတ်စုံပြည့်အစမ်းလေ့ကျင့်မှုကို ယနေ့ နံနက် ၆ နာရီခွဲတွင် ဥပ္ပါတသန္တိစေတီတော်နှင့် နေပြည်တော်လေဆိပ်တို့၌ ကျင်းပသည်။**

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေး ဦးစီးကော်မတီနာယက သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဦးစီးကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ဝန်ကြီးဌာနဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊လူမှုရေးအသင်းများနှင့် ဝတ်အသင်းအဖွဲ့ဝင်များက ဝတ်စုံပြည့် ပါဝင်အစမ်းလေ့ကျင့်ကြသည်။

ရှေးဦးစွာ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် အရှေ့ဘက်လိုဏ်တော်အတွင်း ယာယီကိန်းဝပ် စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓမြတ်စွယ်တော်အား နတ်မင်းကြီးများက မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ ရတနာရထားယာဉ်ပေါ်သို့ ပြောင်းရွှေ့ခြင်း၊ ရတနာရထားယာဉ်အား ဆင်ဖြူတော်နန္ဒဝတီဖြင့် အရှေ့ဘက်မုခ်မှစတင်၍ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ခြင်း၊ ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေးယာဉ်တန်း ဥပ္ပါတသန္တိစေတီတော်မှ နေပြည်တော်လေဆိပ်သို့ ထွက်ခွာခြင်းနှင့် နတ်မင်းကြီးများက ဗုဒ္ဓမြတ်စွယ်တော်အား ရတနာရထားယာဉ်တော်ပေါ်မှ မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်ပြီး လေယာဉ်ပေါ်သို့ ပင့်ဆောင်ပူဇော်ခြင်း အစီအစဉ်များကို ဝတ်စုံပြည့်အစမ်းလေ့ကျင့်ကြသည်။

ထို့နောက် ဝတ်စုံပြည့်အစမ်းလေ့ကျင့်မှုအပြီးတွင် ဦးစီးကော်မတီနာယက ပြည်ထောင်စုဝန်ကြီးနှင့် ဦးစီးကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များက ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေး အစီအစဉ်များကို သုံးသပ်ဆွေးနွေး ညှိနှိုင်းကြသည်။

(သတင်းစဉ်)

**ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေး ဦးစီးကော်မတီနာယက သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် ဗုဒ္ဓမြတ်စွယ်တော်အား နေပြည်တော်မှ ရန်ကုန်မြို့သို့ ပင့်ဆောင်ခြင်း မဟာမင်္ဂလာ အခမ်းအနား ဝတ်စုံပြည့်အစမ်းလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)



## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၀-၁၁-၂၀၁၁ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၇:၀၄ ၁။ နိုင်ငံတော်သီချင်း
၇:၀၅ ၂။ မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
၇:၁၅ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာ့ရှုခင်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ ဇာတ်လမ်းတို

**နေ့လယ်ပိုင်း**

၁၁:၀၄ ၁။ နိုင်ငံတော်သီချင်း
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၁၅ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၁:၂၅ ၅။ **ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရုပ်ကလေးများ (အပိုင်း-၆)**
၁၁:၅၅ ၆။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -လောဘရဲ့အမှား**
၁၂:၄၅ ၇။ ကျန်းမာသုတ
၁:၀၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၁:၁၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၃၅)**

**ညပိုင်း**

၄:၀၂ ၁။ နိုင်ငံတော်သီချင်း
၄:၀၃ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၂၀ ၅။ မှတ်တမ်း
၄:၃၀ ၆။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄:၅၀ ၇။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၀၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၃၀ ၉။ ဒီဖိုင်နာတို့ရဲ့ဒီဖိုင်း
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၂။ ဘဝကြေးမုံ **-စောင့်ကြိုနေမည် (ဇာတ်သိမ်းပိုင်း) (စွမ်းရည်၊ မိုးပြည့်ပြည့်မောင်) [ဒါရိုက်တာ-ဆဲဗင်း(IC)]**
၆:၅၀ ၁၃။ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇:၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၇၁)**
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
၂၀။ ပဟေဠိနန်းတော်
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အမှတ်တရနေ့ရက်လေးများ (အပိုင်း-၁၁)**
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၉၇)**

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၉-၁၁-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၀၁၅၀ | ၀. ၀၃၂၂၄ |
| တရုတ် (ယွမ်) | ၆. ၃၅၈၆၀ | ၀. ၁၅၇၂၇ |
| အိန္ဒိယ (ရူပီး) | ၅၁. ၂၃၅၅ | ၀. ၀၁၉၅၂ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၆၄၀၅ | ၀. ၃၁၆၀၅ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၉၇၂၀ | ၀. ၇၇၀၈၉ |
| ဂျပန် (ယန်း) | ၇၆. ၉၀၅၀ | ၀. ၀၁၃၀၀ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၃၉. ၀၀ | ၀. ၀၀၀၈၈ |
| ယူရို | ၀. ၇၃၉၃၄ | ၁. ၃၅၂၅၅ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၃၀၉ | ၁. ၅၇၉၅၅ |

အင်တာနက်။

**(၉၁)နှစ်မြောက် အမျိုးသားနေ့အကြိုဟောပြောပွဲကို နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီက အလက(၁)ဗဟန်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ပန် "အမျိုးသားနေ့" ခေါင်းစဉ်ဖြင့် ဟောပြောစဉ်။**

(ကြေးမုံ)





## ငါးသိုင်းချောင်း အထက အာစရိယပူဇော်မည်

**ငါးသိုင်းချောင်း နိုဝင်ဘာ ၁၉**

ငါးသိုင်းချောင်း (အထက)၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မျိုးဆက်သစ် ကျောင်းသားလူငယ်များ၊ ကျောင်းသားဟောင်းကြီးများ တွေ့ဆုံပွဲကို ဒီဇင်ဘာ ၂၄ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ယင်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဦးအောင်ကြည် ဖုန်း-၀၁-၃၈၁၉၄၇၊ ဦးစိုးမြင့် ဖုန်း-၀၁-၅၄၃၂၈၅၊ ဦးခင်မောင်လွင် ဖုန်း-၀၉-၉၉၂၆၃၃၁၊ ဦးမျိုးမြင့် ဖုန်း-၀၁-၅၁၈၃၂၇၊ ဦးသောင်းထွန်း ဖုန်း-၀၁-၇၀၅၀၅၆၊ ဦးခင်မောင်လှိုင် ဖုန်း-၀၁-၅၈၃၄၆၁၊ ဦးအောင်ဆန်းကြွယ် ဖုန်း-၀၉-၅၀၂၄၄၁၄၊ မစူး(ပန်းဆိုးတန်း) ဖုန်း-၀၁-၃၁၀၁၃၇၊ ဦးစိုးတင့် ဖုန်း-၀၉-၅၂၀၃၀၈၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ဒီဇင်ဘာ ၂၄ ရက် နံနက် ၅ နာရီတွင် အသင်းရုံးမှ ကားထွက်မည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

## အမျိုးသားနေ့အကြိုဟောပြောပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၉**

(၉၁)နှစ်မြောက် အမျိုးသားနေ့အကြိုဟောပြောပွဲကို နိုဝင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် အလက(၁) အင်းစိန်ခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးသန်းဝင်း **(ယာပုံ)**က အဖွင့်အမှာစကားပြောကြားပြီး အလယ်တန်းပြဆရာမ ဒေါ်မိမိရီ (မိမိရီ အင်းစိန်)က "အစဉ်ထိန်းသိမ်းစောင့်ရှောက်ရမည့် ဝံသာနုရက္ခိတတရားနှင့် မမေ့အပ်သည့် အမျိုးသားအောင်ပွဲနေ့"ခေါင်းစဉ်ဖြင့် ဟောပြောကြောင်း သိရသည်။

(ဝ၃၁)



# ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား တရုတ်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ
## လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းအကောင်အထည်ဖော်ရေး ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၉**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာသည် နိုဝင်ဘာ ၁၈ ရက် ညနေ ၄ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်း (Comprehensive Agriculture Development Program Project) အား အကောင်အထည်ဖော်ရေး၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုဆိုင်ရာများ ထိရောက်စွာ တိုးမြှင့် အကောင်အထည်ဖော်နိုင်မည့် စီမံကိန်းလုပ်ငန်းတစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်
## ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ INGO များနှင့် တွေ့ဆုံ

**ရန်ကုန် နိုဝင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်း (UN Agency) များ၊ INGO များ တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်း(UN Agency)များနှင့် INGO များအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ချမှတ်ထားသောစည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ဆောင်ကြရန် လိုအပ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ်ကို ဆပ်ကော်မတီများဖြင့် ဖွဲ့စည်းဆောင်ရွက်နေသည့်အပြင် မြို့ပြအလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရေး ဆပ်ကော်မတီကိုပါ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ ဆောင်ရွက်နေသည့် လုပ်ငန်းများမှာ ရည်ရွယ်ချက်၊ ရည်မှန်းချက်များ တူညီကြသည့်အတွက် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းနှင့် လုပ်ငန်းအခက်အခဲများရှိပါက ကူညီဖြေရှင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ INGO များ တွေ့ဆုံပွဲ အခမ်းအနား၌ အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)





# မီးလောင်မှုလျော့နည်းကျဆင်းစေရန်

(က) မီးသုံးစွဲလျှင် အမြဲသတိရှိပြီး လူစောင့်ထားပါ။
(ခ) မီးဖိုအနီးတွင် လောင်စာနှင့်လောင်စာဆီများ မထားပါနှင့်။
(ဂ) မီးဖိုများကို မြေကျင်းတူး၍ စနစ်တကျအသုံးပြုပါ။
(ဃ) ကလေးသူငယ်များကို မီးမဆော့ပါစေနှင့်။
(င) မီးခွက်၊မီးအိမ်၊ ဖယောင်းတိုင်များကို ထရံအနီး၊ ခြင်ထောင်အနီးတွင် မထွန်းပါနှင့်။
(စ) တောမီးလောင်မှုကြောင့် အဆောက်အအုံများကို မီးကူးစက်လောင်ကျွမ်းခြင်း မခံရအောင် ရွာပတ်ဝန်းကျင်တွင် လုံလောက်သော မီးတားလမ်းများ စနစ်တကျပြုလုပ်ထားပါ။
(ဆ) လူနေအိမ်ခြေနှင့် ကပ်လျက်ကောက်ရိုးပုံ၊ ပြောင်းပုံများစုမထားပါနှင့်။
(ဇ) ဓာတ်ဆီရောနှောထားသော ရေနံဆီများကို မီးမထွန်းပါနှင့်၊ မီးလည်း မမွှေးပါနှင့်။
(ဈ) ကောက်ရိတ်သိမ်းချိန်တွင် လယ်ကွင်းအတွင်း၌ ဆေးလိပ်သောက်ခြင်း၊ မီးကို အသုံးပြုခြင်း မလုပ်ပါနှင့်။
(ည) အမဲလိုက်၊ ထင်းခွေသူများ ဆေးလိပ်မီးကို အရမ်းပစ်ခြင်းမပြုလုပ်ပါနှင့်။
(ဋ) ဟိုတယ်၊ မိုတယ်၊အင်း၊တည်းခိုခန်း၊ စားသောက်ဆိုင်နှင့် လုပ်ငန်းများတွင် ထိရောက်သော မီးဘေးကာကွယ်ရေးပစ္စည်းများကို လုံလောက်စွာထားရှိပါ။
(ဌ) မြို့/ရပ်ကွက်၊ ကျေးရွာများအလိုက်အပေါ့စားမီးသတ်စက်များ၊ မီးသတ်ကန်များ၊ မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများကို ကိုယ့်အားကိုယ်ကိုး ဝယ်ယူထားပါ။

**မီးသတ်ဦးစီးဌာန**

# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၀-၁၁-၂၀၁၁ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ မင်းကွန်းဆရာတော်ကြီး၏ ဒိသာဖရဏမေတ္တာပို့ ဓမ္မပူဇာတေး(တေးရေး-မောင်မောင်လတ် သီဆိုပူဇော်သည်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၀ ၇။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၂၅ ၈။ "လက်တွေ့ပြချင်လို့"
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၅ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲစုံထောက်ဘတ်ဂျောင်ဂွန်း" (အပိုင်း-၂၅)**
၁၂း၃၅ ၅။ **မြန်မာရုပ်ရှင် "ငရဲသား" (သီဟတင်စိုး၊ အောင်ခိုင်၊ အောင်လွင်၊ ဇင်မာဦး) (ဒါရိုက်တာ-သီဟတင်စိုး)**
၂း၃၅ ၆။ ရောင်စုံရေးသီတေးပန်းချီ
၂း၅၀ ၇။ International News
၃း၀၀ ၈။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၀၅ ၂။ တေးဂီတအစီအစဉ်
၄း၁၅ ၃။ အကပြိုင်ပွဲ
၄း၂၀ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၂၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (စီးပွားရေးပညာ၊ အိမ်တွင်းစီးပွားအထူးပြု) (စီးပွားရေးပညာ)
၄း၄၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၀ ၇။ အမျိုးသားနေ့တေးများ
၅း၀၅ ၈။ "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ လက်ထက်ဆောင်ရွက်ပြီးစီး ဖွင့်လှစ်ခဲ့သည့်တံတားကြီး ခုနစ်စင်း"
၅း၂၀ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ **ကာတွန်းအစီအစဉ် "ရေငုပ်သမားလေးအိုလီ" (အပိုင်း-၁၉)**
၆း၄၀ ၁၃။ တစ်မျက်နှာ တစ်ကွက်စာ "ဓာတ်စာ" (အကယ်ဒမီအောင်ခိုင်၊ ခိုင်နှင်းဝေ၊ ဂွမ်းပုံကြီး) [ဒါရိုက်တာ-မေတင်(MMG)]
၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နတ်ရေးငယ်တဲ့ ရွှေဖူးစာ" (အပိုင်း-၃၄)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၆၇)**
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိလေသော ရုပ်သံလွှင့်မှူး" (အပိုင်း-၂၇)**
၂၀။ အစီအစဉ်ပြီး၏။

# ကျန်းမာရေးအတွက် နံနက်ခင်းလမ်းလျှောက်သူများ
## ယာဉ်အန္တရာယ်ကင်းစေရန် ဝတ်ဆင်သင့်ဟုဆို

**ရန်ကုန် နိုဝင်ဘာ ၁၉**

ကျန်းမာရေးအရ နံနက်ခင်းတွင် လမ်းထလျှောက်သူများအနေဖြင့် ယာဉ်အန္တရာယ်ကင်းစေမည့် ဝတ်ဆင်မှုမျိုးကို ဝတ်ဆင်လုပ်ဆောင်သင့်ကြောင်း သိရသည်။

နံနက်ခင်းပိုင်းတွင် အအေးဓာတ်များ ပိုလာမှုနှင့်အတူ ဆောင်းတွင်းကာလ နံနက်ပိုင်းတွင် ကျန်းမာရေးအရ လမ်းထလျှောက်သူများလည်းရှိလာပြီး တစ်ရက်ထက်တစ်ရက် လမ်းထလျှောက်သူဦးရေများပြားလာလျက်ရှိသည်။ "နံနက်ခင်း ဝေလီဝေလင်းမှာ ကျန်းမာရေးအရ လမ်းလျှောက်တယ်ဆိုပေမယ့် ယာဉ်အန္တရာယ်မဖြစ်စေဖို့ ထင်သာမြင်သာတဲ့ အရောင်မျိုးကို ဝတ်ဆင်သင့်ပါတယ်။ ဖြစ်နိုင်ရင် ရောင်ပြန်ပါတဲ့ အဝတ်အစားမျိုးတွေ၊ အဖြူရောင်လို ရုတ်တရက်ကြည့်လိုက်ရင် မြင်သာလောက်တဲ့ အရောင်မျိုးကို ဝတ်ဆင်သင့်တဲ့အပြင် စည်းကမ်းတကျ သွားလာဖို့လည်း လိုအပ်ပါတယ်" ဟု ယာဉ်ထိန်းရဲအရာရှိ တစ်ဦးက အကြံပြုပြောကြားခဲ့သည်။

သို့မှသာ ယာဉ်မောင်းနှင်သူများအနေဖြင့် အလွယ်တကူ တွေ့မြင်ကာ ဆင်ခြင်ဂရုပြုနိုင်မည်ဖြစ်သည်။ ထို့အပြင် ကျန်းမာရေးအရ လမ်းလျှောက်သူများကလည်း ခြေကျင်လျှောက်သူများ လိုက်နာရန် သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ ပလက်ဖောင်းပေါ်မှ စနစ်တကျ သွားလာခြင်း၊ ပလက်ဖောင်းမရှိသော လမ်းများတွင် လမ်းဘေးမှသွား၍ ယာဉ်ကြောကို ကျော်ခိုင်းခြင်းမပြုဘဲ မြင်ရသည့် မျက်နှာချင်းဆိုင် အနေအထားမျိုးမှ သွားလာသင့်ကြောင်း သိရသည်။ ယာဉ်မောင်းနှင်သူများအနေဖြင့်လည်း နံနက်ခင်းပိုင်းတွင် ယာဉ်ကြောရှင်းသည်ဟုဆိုကာ အရှိန်ပြင်းပြင်းမောင်းနှင်မှုမပြုဘဲ ဂရုပြုမောင်းနှင်ကြရန်လိုအပ်ပြီး ယာဉ်မောင်းနှင်သူများရော ကျန်းမာရေးအရ လမ်းလျှောက်သူများကပါ ဂရုပြုဆင်ခြင်ကြခြင်းဖြင့် မလိုလားအပ်သည့် ယာဉ်အန္တရာယ်များမှ လျော့ပါးလာစေမည်ဟု သိရသည်။ (ထက်ခိုင်-စမ်းချောင်း)

# ဒိုက်ဦးမြို့နယ်တွင်
## လျှပ်စစ်မီးတိုင်များ စစ်ဆေး

**ဒိုက်ဦး နိုဝင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအာကာထက်ပိုင်ဆွေသည် နိုဝင်ဘာ ၁၂ ရက်က ဒရယ်မီးရပ်ကွက် ရွာတန်းရှည်အပိုင်း ရန်ကုန်-မန္တလေး လမ်းတစ်လျှောက် လျှပ်စစ်မီးတိုင်များတွင် ချွတ်ယွင်းပျက်စီးမှုမရှိစေရေးအတွက် လိုအပ်ချက်များကို ဆောင်ရွက်ပြီး လမ်းမကြီးဘေး ဝဲ၊ ယာ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။**(ယာပုံ)**

(ကြေးမုံ)



# လျှပ်စစ်သုံးလျှင် သတိယှဉ်
# ဝန်အားမမျှ မသုံးရ

# ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တာလီဘန်လာရောက်ရေး ကြိုးပမ်းအားထုတ်မှုများ မအောင်မြင်ဟုဆို

**ဝါရှင်တန် နိုဝင်ဘာ ၁၉**

တာလီဘန်အဖွဲ့အား ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ခေါ်ဆောင်နိုင်ရန် ကြိုးပမ်းအားထုတ်မှုများမှာ အောင်မြင်မှုမရရှိကြောင်း အာဖဂန်နစ္စတန်နိုင်ငံ၏ ပြည်ထဲရေးဝန်ကြီးဟောင်းက နိုဝင်ဘာ ၁၇ ရက်တွင် ပြောကြားသည်။

ယခုအချိန်အထိ တာလီဘန်အဖွဲ့ဝင် ၃၀၀၀၀ခန့်အနက် ၈ ရာခိုင်နှုန်းခန့်သာလျှင် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တွင် ပါဝင်ခဲ့ကြောင်း၊ တာလီဘန်အဖွဲ့ဝင် ၉၉ ရာခိုင်နှုန်းမှာ အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ အခြေစိုက်သူများမဟုတ်ကြောင်း ပြည်ထဲရေးဝန်ကြီးဟောင်း မိုဟာမက်ဟာနီးအက်တားက အမေရိကန်နိုင်ငံ ဝါရှင်တန်၌ကျင်းပသော မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေး အတိုင်ပင်ခံများ၏ ဆွေးနွေးပွဲတွင် ပြောကြားသည်။ အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းသည် တာလီဘန်တို့၏ အဓိကခြေကုပ်နေရာဒေသဖြစ်ပြီး ယင်းနိုင်ငံ၏ အကြမ်းဖက်တိုက်ခိုက်မှု အများဆုံးပေါ်ပေါက်ရာဒေသလည်း ဖြစ်သည်။

တာလီဘန်အဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်နိုင်ရန် ကြိုးပမ်းနေသူ အာဖဂန်သမ္မတဟောင်း ဘာဟာနူဒင်ရာဘာနီသည် စက်တင်ဘာ ၂၀ ရက်က မြို့တော်ကဘူး၌ လုပ်ကြံခံခဲ့ရသည်။ လုပ်ကြံသတ်ဖြတ်သူမှာ အသေခံတိုက်ခိုက်သူတစ်ဦးဖြစ်ပြီး တာလီဘန်တို့၏ ငြိမ်းချမ်းရေးတမန်အဖြစ်ဟန်ဆောင်ကာ လုပ်ကြံသတ်ဖြတ်ခဲ့သည်။ ***အင်တာနက်။***



**အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်တွင် လှုပ်ရှားနေသော တာလီဘန် တိုက်ခိုက်ရေးသမားများကို တွေ့ရစဉ်။**

# ဆိုလာပြားထုတ်လုပ်ရေးစက်ရုံ မလေးရှား၌ တည်ဆောက်မည်

**တိုကျို နိုဝင်ဘာ ၁၉**

ဂျပန်နိုင်ငံရှိ ပန်နာဆိုးနစ်ကော်ပိုရေးရှင်းသည် မလေးရှားနိုင်ငံ၌ နေရောင်ခြည်စွမ်းအင်ထုတ်ယူရာတွင် အသုံးပြုသော ဆိုလာပြားများထုတ်လုပ်ရေးစက်ရုံတစ်ရုံကို တည်ဆောက်မည်ဖြစ်ကြောင်း ဂျပန်စက်မှုလုပ်ငန်းသတင်းရပ်ကွက်က နိုဝင်ဘာ ၁၈ ရက်တွင် ပြောကြားသည်။

ပန်နာဆိုးနစ်ကော်ပိုရေးရှင်းသည် ပင်လယ်ရပ်ခြားနိုင်ငံများ၌ ဆိုလာပြားထုတ်လုပ်ရေးစက်ရုံကို ဖွင့်လှစ်ရန် စီစဉ်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

ပန်နာဆိုးနစ်ကော်ပိုရေးရှင်းသည် သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီသော စွမ်းအင်နည်းပညာအသုံးပြုမှုကို မြှင့်တင်အားပေးလျက်ရှိသည်။

ဂျပန်ယန်းငွေ တန်ဖိုးတက်လာခြင်းနှင့် စက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှုစရိတ် မြင့်တက်လာခြင်းတို့ကြောင့် ဂျပန်နိုင်ငံ အနောက်ပိုင်းတွင် ရုပ်မြင်သံကြားစက် ထုတ်လုပ်ရေးစက်ရုံတစ်ရုံ တည်ဆောက်မည့်အစီအစဉ်ကို ဖျက်သိမ်းလိုက်ပြီး မလေးရှားနိုင်ငံ၌ ဆိုလာပြားထုတ်လုပ်ရေးစက်ရုံကို ထူထောင်ရန် စီစဉ်ခြင်းဖြစ်သည်။

မလေးရှားနိုင်ငံ၌ ဖွင့်လှစ်မည့် ဆိုလာပြားထုတ်လုပ်ရေးစက်ရုံသည် လာမည့်ဧပြီလမှစ၍ ထုတ်လုပ်ရေးလုပ်ငန်းကို စတင်မည်ဖြစ်သည်။

ပန်နာဆိုးနစ်ကော်ပိုရေးရှင်းသည် ဂျပန်နိုင်ငံ၌ ဆိုလာပြားထုတ်လုပ်သော အခြားကုမ္ပဏီများနှင့် ပြည်ပနိုင်ငံများတွင် ပိုမိုယှဉ်ပြိုင်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ကုမ္ပဏီပြောရေးဆိုခွင့်ရှိသူ အကီရာကိုဒိုတာက ပြောကြားသည်။ ***အင်တာနက်။***



***သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီသော နေရောင်ခြည်စွမ်းအင်ကို ကမ္ဘာတစ်ဝန်း၌ တိုးတက်သုံးစွဲလာနေသည်။***

# ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၌ အိန္ဒိယအဖွဲ့ဝင်ဖြစ်ရေး ရုရှားထောက်ခံ

မော်စကို နိုဝင်ဘာ ၁၉

**ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၌ အိန္ဒိယနိုင်ငံအား တင်းပြည့်အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံရေးအဆိုပြုချက်ကို ရုရှားနိုင်ငံက ထောက်ခံကြောင်း ရုရှားတာဝန်ရှိသူများ၏ ပြောကြားချက်များကို ကိုးကားလျက် သတင်းဌာနများက နိုဝင်ဘာ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။**

လာမည့်လတွင် မြို့တော်မော်စကိုသို့ အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်း လာရောက်ခြင်းမရှိမီ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများ၏ တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့က ပြောကြားသည်။

ဆာဂေးလက်ဗရော့သည် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး အက်စ်အမ်ခရစ်ရှနားနှင့် မြို့တော်မော်စကို၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

အိန္ဒိယနိုင်ငံသည် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၌ လောလောဆယ် လေ့လာသူအဆင့်ရရှိထားရာမှ တင်းပြည့်အဖွဲ့ဝင်နိုင်ငံအဖြစ်သို့ ကူးပြောင်းနိုင်ရန် ရုရှားနိုင်ငံက ထောက်ခံကြောင်း လက်ဗရော့က ပြောကြားသည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၌ တရုတ်၊ ရုရှား၊ ကာဇက်စတန်၊ ကာဂျီစတန်၊ တာဂျစ်ကစ္စတန်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့ ပါဝင်ကြပြီး အီရန်၊ အိန္ဒိယ၊ မွန်ဂိုလီးယားနှင့် ပါကစ္စတန်နိုင်ငံတို့က လေ့လာသူအဆင့်ရရှိထားသည်။

အဆိုပါအဖွဲ့၌ တင်းပြည့်အဖွဲ့ဝင်နိုင်ငံအဖြစ် အိန္ဒိယနိုင်ငံ ပါဝင်လာမည်ကို တရုတ်နိုင်ငံက ဆန့်ကျင်သည်။ ဒေသတွင်း၌ အိန္ဒိယ၏ ဩဇာအာဏာ ပိုမိုကြီးထွားလာနိုင်မှုကို ထိန်းချုပ်ကန့်သတ်ရန် တရုတ်နိုင်ငံက လိုလားသည်။ ***အင်တာနက်။***



# ပါကစ္စတန်၌ ရေကောင်းရေသန့် မရရှိသဖြင့် နှစ်စဉ် လူ ၉၇၉၀၀ ခန့်သေဆုံး

**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၁၉**

ပါကစ္စတန်နိုင်ငံ၌ သန့်ရှင်းသောရေမရရှိခြင်းနှင့် ရေဆိုးသန့်စင်ရေးလုပ်ငန်းများနည်းပါးခြင်းတို့ကြောင့် နှစ်စဉ် ပြည်သူ ၉၇၉၀၀ ခန့်သေဆုံးနေရကြောင်း နိုင်ငံတကာ ပရဟိတအဖွဲ့အစည်းတစ်ရပ်က နိုဝင်ဘာ ၁၉ ရက်တွင် ပြောကြားသည်။

ပါကစ္စတန်၌ ရေမသန့်မှုကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားလေ့ရှိပြီး တစ်နှစ်လျှင် အသက်ငါးနှစ်အောက်ကလေး ၅၄၀၀၀ ခန့်သေဆုံးနေရကြောင်း နိုင်ငံတကာရေရရှိရေးဆိုင်ရာ အကူအညီပေးရေးအဖွဲ့က ထုတ်ပြန်သောအစီရင်ခံစာတွင် ဖော်ပြသည်။

အကယ်၍ သန့်ရှင်းသောရေရရှိရေးနှင့် ရေဆိုးသန့်စင်ရေးလုပ်ငန်းများကို အရေးတယူဆောင်ရွက်ခြင်းမရှိပါက ၂၀၁၅ ခုနှစ်အရောက်တွင် ပါကစ္စတန်လူဦးရေ၏ ၉၃ ရာခိုင်နှုန်းမှာ ရေကောင်းရေသန့်မရဘဲနေထိုင်ကြရနိုင်ကြောင်း၊ လူဦးရေ၏ ၆၄ ရာခိုင်နှုန်းမှာ ရေဆိုးသန့်စင်ရေးဝန်ဆောင်မှုကို မရရှိနိုင်ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံ၏ နှစ်စဉ်ကလေးထောင်ပေါင်းများစွာမှာ ရေကောင်းရေသန့်မရရှိခြင်းနှင့် ဆက်နွှယ်နေသော ရောဂါဘယများဖြင့် သေဆုံးကြရကြောင်း အဆိုပါအဖွဲ့အစည်း၏ ပါကစ္စတန်ကိုယ်စားလှယ်ဆီကစ်ခန်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

***ဆင်ဟွာ။***



**သန့်ရှင်းသော သောက်သုံးရေ ပြတ်လပ်မှုနှင့် ကြုံတွေ့နေရသော ပါကစ္စတန်နိုင်ငံတွင် ရေဖြန့်ဝေပေးသော ကားတစ်စီးမှ ရေရရှိရန် ပြည်သူများ စောင့်ဆိုင်းနေကြစဉ်။**

# အာဖဂန်တွင် အမေရိကန်စစ်စခန်းများ တည်ဆောက်ရေး ရုရှားဆန့်ကျင်

**မော်စကို နိုဝင်ဘာ ၁၉**

အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန်ပြည်ထောင်စုက စစ်စခန်းကြီးများတည်ဆောက်ရန် ကြံစည်နေခြင်းကို ရုရှားက ပြင်းထန်စွာဆန့်ကျင်ကြောင်း သောကြာနေ့ အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

အာရှအလယ်ပိုင်းနှင့် အာဖဂန်နစ္စတန်တွင် ဝါရှင်တန်က အမြဲတမ်းစစ်စခန်းများထားရှိခြင်းကို မော်စကိုက သဘောတူ လက်ခံခြင်းမပြုကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့က နိုဝင်ဘာ ၁၇ ရက်တွင် ပြောကြားခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားသည်။

အာဖဂန်နစ္စတန်မှ နိုင်ငံစုံတပ်ဖွဲ့များထွက်ခွာမည်ဟု အဆိုပြုထားပြီး အမေရိကန်ပြည်ထောင်စုက စစ်အခြေစိုက်စခန်းကြီး တည်ဆောက်ရန် စီစဉ်နေခြင်းကို မည်သို့မျှ နားမလည်နိုင်ကြောင်း၊ အာရှအလယ်ပိုင်းတွင် အမေရိကန်တို့စစ်ရေးတည်ရှိမှုကို ချဲ့ထွင်ရန် ဆန္ဒရှိနေသည့်သတင်းများကိုလည်း ကြားသိနေရကြောင်း ၎င်းက ပြောသည်။

မော်စကိုက အာဖဂန်၊ အမေရိကန်အာဏာပိုင်တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်သော်လည်း အဖြေထက် မေးခွန်းထုတ်စရာများက ပိုမိုတွေ့ရှိလာကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကဘူးနှင့်မဟာဗျူဟာမြောက် ကာလရှည် သဘောတူညီချက်များကို သတင်းဌာနများအား လုံးဝအသိမပေးဘဲ အမှောင်ချထားရန် ဝါရှင်တန်က အလိုရှိကြောင်း လိုယာဂျာဂါပြောရေးဆိုခွင့်ရှိသူ ဆာဖီယာဆီဒိကျီက နိုဝင်ဘာ ၁၇ ရက်တွင် ပြောကြားခဲ့သည်။

သမ္မတဟာမစ်ကာဇိုင်းက လိုယာဂျာကာဟုခေါ်သည့် အာဖဂန်ရိုးရာထုံးစံ တွေ့ဆုံပွဲကို မြို့တော်ကဘူးတွင် ဗုဒ္ဓဟူးနေ့မှစတင်၍ လေးရက်ကြာကျင်းပလျက်ရှိသည်။ယင်းတွေ့ဆုံပွဲတွင် ၂၀၁၄ ခုနှစ်၌ အမေရိကန်ဦးဆောင်သော နိုင်ငံခြားတပ်ဖွဲ့များ ထွက်ခွာသွားပြီးနောက် အာဖဂန်နစ္စတန် အမေရိကန် စစ်အခြေစိုက်စခန်းများ ကာလရှည်တည်ရှိမည့် အရေးအပါအဝင် အမေရိကန်ပြည်ထောင်စုနှင့် ဆက်ဆံရေးကို ဆွေးနွေးလျက်ရှိကြသည်။ **အင်တာနက်။**

# ဂျပန်နိုင်ငံအနောက်တောင်ပိုင်း၌ အင်အားပြင်းလေပွေတိုက်ခတ်၍ အိမ်တစ်လုံးပျက်စီးပြီး လူသုံးဦးသေဆုံး

**အိုဆာကာ နိုဝင်ဘာ ၁၉**

ဂျပန်နိုင်ငံအနောက်တောင်ပိုင်း ကာဂိုရှီးမားခရိုင် တိုကုနိုရှီးမားမြို့တွင် နိုဝင်ဘာ ၁၈ ရက် ညနေပိုင်းက အင်အားပြင်းထန်သည့် လေပွေတိုက်ခတ်မှုကြောင့် လူနေအိမ်တစ်လုံးပျက်စီးပြီး လူသုံးဦးသေဆုံးခဲ့သည်ဟု ကျိုဒိုသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ယင်းလေပြင်းတိုက်ခတ်မှုကြောင့် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့သည် နေအိမ်မှ မီတာ ၁၀၀ ခန့်အကွာရှိ ကွင်းပြင်တစ်ခုသို့ လွင့်ပါသွားခဲ့ကြောင်း ဒေသခံရဲအဖွဲ့က ပြောကြားသည်။ အဆိုပါအမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတို့မှာ ဆေးရုံသို့ ပို့ပြီးနောက်တွင် သေဆုံးသွားခဲ့သည်ဟု ဆိုသည်။

မီးသတ်သမားများ၏ ပြောကြားချက်အရ ပြိုပျက်သွားသော တစ်ထပ်သစ်သားအိမ်မှ အပိုင်းအစများနှင့် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို အနီးရှိ ကွင်းပြင်တစ်ခုအတွင်း၌ တွေ့ရှိရပြီး ရပ်နားထားသော ကားတစ်စီးမှာ လေပြင်းတိုက်ခတ်မှုအဟုန်ကြောင့် ၁၀ မီတာခန့် ရွေ့လျားသွားသည်ဟု ဆိုသည်။

အခင်းဖြစ်ပွားရာဒေသမှာ တောင်ကုန်းတောင်တန်းထူထပ်သည့် တိုကုနိုရှီးမားမြို့၏ မြောက်ပိုင်းဖြစ်ပြီး လူနေအိမ်ခြေများမှာ ကြံစိုက်ခင်းများအလယ်တွင် ကျဲပါးစွာတည်ရှိသည်ဟု ဆိုသည်။ ***ဆင်ဟွာ။***

# နီပေါနိုင်ငံအရှေ့မြောက်ပိုင်းဒေသမှ ကမ္ဘာလှည့်ခရီးသွား ၆၂၀ အား ကယ်တင်ခဲ့

**ခတ္တမန္ဒူ နိုဝင်ဘာ ၁၉**

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက ရာသီဥတု ဆိုးရွားမှုကြောင့် လေကြောင်းပျံသန်းမှု ခရီးစဉ်များ ဖျက်သိမ်းခဲ့ရပြီးနောက် နီပေါနိုင်ငံအရှေ့မြောက်ပိုင်းလက်(ခ်)လာမြို့ကလေးရှိ လေဆိပ်ငယ်တစ်ခုတွင် သောင်တင်နေခဲ့သည့် ကမ္ဘာလှည့်ခရီးသည် ၆၂၀ ခန့်ကို ရာသီဥတုအခြေအနေ ကောင်းမွန်လာပြီးနောက် နိုဝင်ဘာ ၁၈ ရက်တွင် ကယ်ဆယ်နိုင်ခဲ့သည်။

နီပေါ အမျိုးသားသတင်းဌာန၏ ထုတ်ပြန်ချက်အရ စုစုပေါင်း ကမ္ဘာလှည့်ခရီးသည် ဦးရေ ၁၂၀၀ ခန့်သည် လေယာဉ်ပျံသန်းမှုများအားလုံး ရပ်ဆိုင်းထားသည့် နိုဝင်ဘာ ၁၇ ရက်ထိတိုင်အောင် တန်ဇင်းဟီလာရီလေဆိပ်၌ သောင်တင်နေခဲ့ရသည်။ ယင်းလေဆိပ်မှာ နေ့စဉ် လေယာဉ်ပျံသန်းမှုခရီးစဉ် ၅၀ ကျော်ရှိသည်ဟု ဆိုသည်။

တန်ဇင်းဟီလာရီလေဆိပ်သည် မီတာ ၂၈၆၀ အမြင့်တွင် တည်ရှိပြီး နီပေါနိုင်ငံတွင် လေယာဉ်အတက်အဆင်း အများဆုံးလေဆိပ်ဖြစ်ကာ ဧဝရက်တောင်သို့ လာရောက်ကြသော ကမ္ဘာလှည့်ခရီးသည်များအတွက် ဝင်ပေါက်လေဆိပ်လည်း ဖြစ်သည်။

ဧဝရက်တောင်ထိပ်သို့ ပထမဆုံးအကြိမ် တက်ရောက်နိုင်ခဲ့သူ နှစ်ဦးဖြစ်သည့် ဆာအက်ဒမွန်ဟီလာရီနှင့် ရှာပါတန်ဇင်းနော်ဂေးတို့အား ဂုဏ်ပြု၍ အဆိုပါလေဆိပ်ကို ၂၀၀၈ ခုနှစ် ဇန်နဝါရီလတွင် အမည်သစ် မှည့်ခေါ်ခဲ့သည်။

အဆိုပါ လေဆိပ်၏ ဝန်းကျင်မြေပြင်အနေအထားအရ လေထုပါးလွှာပြီး ရာသီဥတုအပြောင်းအလဲမြင့်မားသည့်အပြင် ကုန်းစောင်းဆင်ခြေလျှောတွင် တည်ရှိသည့် လေယာဉ်ပြေးလမ်းမှာလည်း တို၍ ကမ္ဘာပေါ်တွင် အခက်အခဲဆုံးသော လေယာဉ်ဆင်းလမ်းတစ်ခုဖြစ်သည်။ ***ဆင်ဟွာ။***

# အလုပ်သမားဝန်ကြီးဌာန အလုပ်သမားရေးရာ အင်္ဂလိပ်စာအဆင့်မြင့်သင်တန်း (၂/၂၀၁၁)နှင့် အခြေခံကွန်ပျူတာသင်တန်း (၃/၂၀၁၁)ဆင်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၉**

အလုပ်သမားဝန်ကြီးဌာနတွင် စက်တင်ဘာ ၅ ရက်မှ နိုဝင်ဘာ ၁၈ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့သည့် အလုပ်သမားရေးရာ အင်္ဂလိပ်စာအဆင့်မြင့်သင်တန်း (၂/၂၀၁၁)နှင့် အောက်တိုဘာ ၁၇ ရက်မှ နိုဝင်ဘာ ၁၈ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့သည့် အခြေခံကွန်ပျူတာသင်တန်းအမှတ်စဉ် (၃/၂၀၁၁)ဆင်းပွဲ အခမ်းအနားများကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် အလုပ်သမားဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းအလိုက် ထူးချွန်စွာအောင်မြင်ခဲ့သူများအား ဆုများချီးမြှင့်၍ ဒုတိယဝန်ကြီး ဦးမြင့်သိန်းက သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

အလုပ်သမားရေးရာ အင်္ဂလိပ်စာ အဆင့်မြင့်သင်တန်း (၂/၂၀၁၁)တွင် သင်တန်းသား၊ သင်တန်းသူ ၁၅ ဦးနှင့် အခြေခံကွန်ပျူတာသင်တန်း (၃/၂၀၁၁)တွင် သင်တန်းသား၊ သင်တန်းသူ ၁၅ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)



**အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် အလုပ်သမားရေးရာ အင်္ဂလိပ်စာ အဆင့်မြင့်သင်တန်း (၂/၂၀၁၁)နှင့် အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ်(၃/၂၀၁၁) ဆင်းပွဲအခမ်းအနားများတွင် အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)



**ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင် ပုသိမ်မြို့ အမှတ်(၃) ရပ်ကွက်ရှိ ရပ်မိရပ်ဖများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား ဆွေးနွေးပြောကြားစဉ်။**

(သတင်းစဉ်)

# ဆန်ကို ပုသိမ်ဆိပ်ကမ်းမှ ပြည်ပသို့ပို့နိုင်ပြီ အခြားထွက်ကုန်များလည်း ပို့နိုင်အောင်ဆောင်ရွက်မည်

**နေပြည်တော် နိုဝင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီခွဲတွင် ပုသိမ်မြို့ အမှတ် ၃ ရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ အမှတ်(၃)ရပ်ကွက်ရှိ ရပ်မိရပ်ဖများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးအတွင်း လယ်ယာကဏ္ဍနှင့် ပညာရေးကဏ္ဍများကို ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများ ရရှိအောင် မူဝါဒများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ ယခုအခါ တိုင်းဒေသကြီး၏ အဓိကထွက်ကုန်ဖြစ်သောဆန်ကို ပုသိမ်ဆိပ်ကမ်းမှ ပြည်ပသို့ တိုက်ရိုက်တင်ပို့နိုင်ပြီဖြစ်သဖြင့် ဒေသခံလုပ်ငန်းရှင်များအနေဖြင့် ကုန်ကျစရိတ်များစွာသက်သာသွားကြောင်း၊ နောင်တွင်လည်း တိုင်းဒေသကြီး၏ အခြားထွက်ကုန်ပစ္စည်းများဖြစ်ကြသည့် ပဲအမျိုးမျိုး၊ သားငါးနှင့် ဆားများကိုလည်း ဆက်လက်တင်ပို့နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်း၊ ပုသိမ်မြို့ စက်တော်ရာဘိုးဘွားရိပ်သာ ဘိုးဘွားဆောင်များ ပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(အဌမနေ့) ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၉

**ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (အဌမနေ့)ကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဌ သရေစည်သူ ဦးဆန်းဆင့်နှင့် လွှတ်တော်ကိုယ်စားလှယ်(၆၄)ဦး တက်ရောက်ကြသည်။**

အစည်းအဝေးတွင် တရားစီရင်ရေးနှင့် ပတ်သက်သည့် မေးခွန်း(၁)ခု၊ အလုပ်အကိုင်အခွင့်အလမ်း၊ ဘာသာရေး၊ အမျိုးသားရေး၊ စည်ပင်သာယာရေးလုပ်ငန်းများနှင့် ပတ်သက်သည့်မေးခွန်း(၉)ခု၊ လုံခြုံရေး၊ ယစ်မျိုးကိစ္စရပ်များနှင့်ပတ်သက်သည့်မေးခွန်း(၂)ခု၊ လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်သည့် မေးခွန်း(၆)ခု၊ စက်ရုံ၊ အလုပ်ရုံ၊ လယ်ယာသုံးစက်ကိရိယာ၊ စွမ်းအင်ကိစ္စရပ်များနှင့် ပတ်သက်သည့် မေးခွန်း(၃)ခု၊ ဘီလပ်မြေစက်ရုံ၊ တောဆင်ရိုင်း၊ ဒေသသုံး သစ်ကိစ္စရပ်များနှင့် ပတ်သက်သည့် မေးခွန်း(၄)ခု စသည့်မေးခွန်း (၂၅)ခုကို တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် သက်ဆိုင်ရာဝန်ကြီးများက ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

စတုတ္ထနေ့အစည်းအဝေးတွင် တင်သွင်းခဲ့သော ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစီမံချက် အစီရင်ခံစာကို ဆွေးနွေးခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆက်လက်ဆောင်ရွက်သွားရန် တိုက်တွန်းကြောင်း ဆုံးဖြတ်ခြင်း၊ ရေပေါ်ရေလျှံ ရှာဖွေလုပ်ကိုင်စားသောက်သောရေလုပ်သားများ၏ အခွင့်အလမ်းများအား တားဆီးပိတ်ပင်ထားမှုကို လက်ရှိတည်ဆဲ ရေချိုငါးလုပ်ငန်းဥပဒေတွင် ပြင်ဆင်ဖြည့်စွက်သည့် ဥပဒေကြမ်း ဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီး ဥပဒေပြုရေးကော်မတီက ဆက်လက်ဆောင်ရွက်သွားရန် လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ခြင်း၊ တောင်သူလယ်သမားများ၏ ထွက်ကုန်သီးနှံအပေါ် ဈေးနှုန်းအာမခံချက်များ ထားရှိပေးရေးနှင့် ဈေးကွက်ရရှိရေးအဆိုနှင့် မည်သည့်အခွန်အရပ်ရပ်မဆို သတ်မှတ်ငွေထက် ပိုမိုတောင်းခံခြင်းအား တင်ပြတိုင်ကြားနိုင်သည့် နည်းလမ်းများ ချမှတ်ပေးနိုင်ရေးအဆို စသည့် အဆို(၂)ခုကို တင်သွင်းခြင်းတို့ ဆောင်ရွက်ပြီး အစည်းအဝေးကို ညနေ ၄ နာရီခွဲတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

# ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲဆက်

**ရန်ကုန် နိုဝင်ဘာ ၁၉**

၂၀၁၁ ခုနှစ် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံအမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲများကို ရှမ်းပြည်နယ်ဂနိုင်ရေးအားကစားကွင်း၌ ဆက်လက်ကျင်းပရာ နိုဝင်ဘာ ၁၈ ရက်တွင် ဓနုဒေသအသင်းက လင်းခေးခရိုင်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ တောင်ကြီးခရိုင်အသင်းက ကျိုင်းတုံခရိုင်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

နိုဝင်ဘာ ၁၉ ရက်တွင် မိုင်းဆတ်ခရိုင်အသင်းနှင့် မိုင်းဖြတ်ခရိုင်အသင်း၊ လားရှိုးခရိုင်အသင်းနှင့် လွယ်လင်ခရိုင်အသင်းတို့ ဆက်လက် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၇၅-၁၉၈၁) နှစ်(၃၀)ပြည့် ပုလဲရတုမြတ်ဆရာပူဇော်ပွဲ ကျင်းပရေးအတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲတွင် ဘာသာရပ်ပေါင်းစုံမှ အင်ဂျင်နီယာနှင့် ဗိသုကာ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အလှူငွေကျပ် ၄၅ သိန်းကို ဦးကျော်ဆန်းနှင့်အဖွဲ့က ကော်မတီဝင် ဦးအောင်နိုင်မြင့်နှင့် ဦးငွေစိုးတို့ထံ ပေးအပ်စဉ်။** (ကြေးမုံ)



## ပြည်သူ့ထံမှ ပေးစာများ

### နောက်ဖေးအမှိုက်နှင့် တိုက်ရေပိုက်ဆို့မှုများ ရှင်းစေလို

**စာတည်းရှင့်-**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၈) ရပ်ကွက် ပြည်ရိပ်မွန်အိမ်ရာရှိ တိုက် (၁၊ ၂၊ ၃၊ ၄) နောက်ဖေးလမ်းကြားများတွင် အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်နေခြင်း၊ တိုက် (၃) နှင့် (၄) ရှေ့ရှိ ဆိုင်ခန်းများသည် ပလက်ဖောင်းများပေါ်တွင် ဆိုင်ခန်းများအခိုင်အမာ ဆောက်လုပ်ထားသည့်အပြင် ပလတ်စတစ်အမိုးအကာများ ထပ်၍ပြုလုပ်ထားသဖြင့် လမ်းပိတ်ဆို့ခြင်းများ ဖြစ်ပေါ်နေပါသဖြင့် ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

**ပြည်ရိပ်မွန်သူ**

### မြဂန္ဓမာဈေး အမှိုက်ပုံကြီး ဖယ်ရှားစေချင်

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၂) ရပ်ကွက် မြဂန္ဓမာဈေးအနောက်ဘက်ရှိ အမှိုက်ပုံကြီးသည် လူနေအိမ်များဖြင့် နီးကပ်စွာတည်ရှိပြီး သားငါးအပုပ်နံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူ သက်ကြီးရွယ်အို ပြည်သူများ ကျန်းမာရေးထိခိုက်လျက်ရှိပါသဖြင့် အဆိုပါအမှိုက်ပုံအား ပြောင်းရွှေ့ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သူ၊ ရပ်ကွက်သားများ**

### ဈေးနှင့် နေအိမ်များကြားမှ သုသာန်ရွှေ့ပြောင်းပေးစေလို

**စာတည်းခင်ဗျား-**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကွေ့ကြီးကျေးရွာအုပ်စု မြကုန်းရပ်ကွက် ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ စည်ပင်သာယာဈေးနှင့် လူနေအိမ်များအကြားတွင် သုသာန်ရှိနေပါသဖြင့် မဆီလျော်သော မြင်ကွင်းများ ကြုံတွေ့ရပါသောကြောင့် ယင်းသုသာန်အား ရွှေ့ပြောင်းပေးစေလိုကြောင်း တင်ပြအပ်ပါသည်။

**မြကုန်းသားများ**

### လောင်စာဆီသိုလှောင်ရောင်းဝယ် မီးအန္တရာယ်စိုးရိမ်နေရ

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့လယ်ကောင် မကျီးတန်းရပ်ကွက် ရတနာပုံ (၂)လမ်းရှိ အိမ်နှစ်အိမ်တွင် လောင်စာဆီများ သိုလှောင်ခြင်း၊ ရောင်းချခြင်းများ ပြုလုပ်နေကြပါသဖြင့် ရပ်ကွက်နှင့် မြို့လူထုက မီးအန္တရာယ် စိုးရိမ်ကြောက်ရွံ့နေကြရပါသဖြင့် စိစစ်ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **မီးဘေးစိုးရိမ်သူ**

### ဝက်ခြံမှ အနံ့ဆိုးများ ပတ်ဝန်းကျင်ပျံ့နှံ့

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် အမှတ်(၈) ရပ်ကွက် မင်္ဂလာပန်းခြံအတွင်းရှိ အိမ်သုံးအိမ်တွင် စီးပွားဖြစ်ဝက်များ မွေးမြူလျက်ရှိရာ ဝက်ခြံမှထွက်သည့် အညစ်အကြေးနှင့်အနံ့ဆိုးများ၊ ပဲဖတ်ပုပ်နှင့် အစာဟောင်းအနံ့ဆိုးများ၊ ဆူညံသံများကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်ရပြီး ကျန်းမာရေး ထိခိုက်စေပါသဖြင့် ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သူ၊ ရပ်ကွက်သားများ**

# အင်းစိန် စက်မှုသိပ္ပံ(လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဌာန) (၁၅)ကြိမ်မြောက် အာစရိယပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၁၉**

အင်းစိန် စက်မှုသိပ္ပံ(လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဌာန) (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၇ ရက် (တနင်္ဂနွေနေ့)တွင် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီး ရန်ကုန်မြို့တော်စည်ပင်ခမ်းမရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် ဦးမောင်မောင်အေး ဖုန်း-၀၉-၅၁၂၆၆၆၅၊ ဦးခင်မောင်မြင့် ဖုန်း-၀၉-၅၁၃၀၅၁၄၊ ဦးတင်မောင်လွင် ဖုန်း-၀၉-၅၀၅၀၄၉၃၊ ဦးလှသိန်း ဖုန်း-၀၉-၅၁၉၂၉၇၅၊ ဦးမြဦး ဖုန်း-၀၉-၅၀၃၁၅၃၈၊ ဦးအေးနိုင် ဖုန်း-၀၉-၅၀၆၀၈၉၇၊ ဦးအောင်အောင်ဝင်း ဖုန်း-၀၉-၅၀၃၃၅၀၃၊ ဦးတိုးဝင်း ဖုန်း-၀၉-၅၁၀၃၇၂၂နှင့် ဒေါ်ခင်ဝင်းကြည် ဖုန်း-၀၉-၇၃၁၀၀၈၆၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# မြတ်နိုးလေးစား တန်ဖိုးထားရမည့် အမျိုးသားနေ့

## ပန်းတောင်းသန်းကြွယ်

ကမ္ဘာပေါ်ရှိ လူမျိုးအသီးသီးတွင် မိမိတို့အမျိုးသားရေးအရ မြတ်နိုးလေးစား တန်ဖိုးထားအပ်သော နေ့ထူးနေ့မြတ်များရှိကြသည်။ မြန်မာတို့၏ အမျိုးသားရေးအရ မြတ်နိုးလေးစားတန်ဖိုးထားအပ်သည့် ရက်များစွာအနက် အမျိုးသားနေ့မှာ တစ်ရက်အပါအဝင်ဖြစ်သည်။

ဗြိတိသျှနယ်ချဲ့တို့သည် ကျူးကျော်စစ်ပွဲ သုံးကြိမ်ဖန်တီး၍ မြန်မာတစ်နိုင်ငံလုံးအား မတရားသိမ်းပိုက်ခဲ့သည်။ ၁၈၂၄ ခုနှစ်တွင် ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲဖြစ်ပွားခဲ့ပြီး ရန္တပိုစာချုပ်ဖြင့် မြန်မာတို့က အင်္ဂလိပ်တို့အား ရခိုင်နှင့် တနင်္သာရီနယ်တို့ကို ပေးအပ်လိုက်ရသည်။ ၁၈၅၂ ခုနှစ်တွင် ဒုတိယစစ်ပွဲဖြစ်ပွားခဲ့ပြီး ပြည်မြို့နယ်နှင့် ပဲခူးနယ်အထိဖြစ်သော အောက်မြန်မာပြည်အား အင်္ဂလိပ်တို့က သိမ်းပိုက်ခဲ့ပြန်သည်။ ၁၈၈၅ ခုနှစ်တွင်ဖြစ်သော တတိယစစ်ပွဲအပြီး၌မူ နယ်ချဲ့တို့က မြန်မာတစ်ပြည်လုံးအား သိမ်းပိုက်မိသွားလေတော့သည်။

နယ်ချဲ့ဗြိတိသျှလက်တွင်းသို့ မြန်မာနိုင်ငံ သက်ဆင်းရပြီးနောက် မြန်မာလူထုသည် လက်နက်စွဲကိုင်၍ တစ်နည်း၊ စည်းဝေးပွဲများ အကြိမ်ကြိမ်ပြုလုပ်၍တစ်မျိုး၊ မြန်မာကိုယ်စားလှယ်များကို ဗြိတိသျှကိုယ်စားလှယ်များနှင့် ဆွေးနွေးအရေးဆိုရန်စေလွှတ်၍ တစ်ဖုံ၊ နည်းမျိုးစုံဖြင့် လွတ်လပ်ရေးအတွက် တောင်းဆိုခဲ့ကြသည်။ ထိထိရောက်ရောက်ကား မရှိခဲ့သေးပေ။ တကယ်ထိရောက်ခဲ့သည်မှာ ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင်ပေါ်ပေါက်ခဲ့သော တော်လှန်ရေးကြီးပင်ဖြစ်သည်။

အင်္ဂလိပ်နယ်ချဲ့တို့၏ ကိုလိုနီပညာရေးသည် ၁၉၂၀ ပြည့်နှစ်အထိ ယင်းတို့အတွက် အခိုင်းအစေခံ ကျိုးနွံသော မြန်မာလူငယ်များကို မွေးထုတ်ပေးသည့် ကျွန်ပညာရေးစနစ်သာဖြစ်သည်။ ခေတ်အလိုက်၊ အမြင့်ဆုံး ပညာသင်ကြားရာဖြစ်သော ယူနီဗာစီတီခေါ် တက္ကသိုလ်ကျောင်းပင် မရှိသေးပေ။ ရန်ကုန်မြို့၌ ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်(ယုဒသန်)ကောလိပ်တို့သာရှိသည်။ ယင်းတို့မှာလည်း ကာလကတ္တားယူနီဗာစီတီ၏ လက်အောက်ခံကျောင်းခွဲများသာ ဖြစ်သည်။ ကာလကတ္တားယူနီဗာစီတီမှ ချမှတ်ပေးသော သင်ရိုးညွှန်းတမ်းများအတိုင်းသာ သင်ရသည်။ စာမေးပွဲများကိုလည်း ယင်းတက္ကသိုလ်မှပင် ဦးစီးစီမံပြုလုပ်ပေးသည်။ ကာလကတ္တားတွင် မေးခွန်းထုတ်၍ ရန်ကုန်တွင် ဖြေကြရသည်။ မြန်မာကျောင်းသားလူငယ်ထုအများစုမှာ လက်လှမ်းမမီကြ၊ နေရှင်၊ မြေရှင်နှင့် လူချမ်းသာ အရာရှိ အရာခံများ၏ သားသမီးများအတွက်သာဖြစ်စေရန် ဖန်တီးထားသော ပညာရေးစနစ်ပင် ဖြစ်သည်။ နယ်ချဲ့အရင်းရှင်နှင့်ယင်းတို့၏ နောက်တော်ပါ လူတစ်စုကောင်းစားရေးကိုသာ ရှေးရှုသော ပညာရေးဖြစ်သည်။

ဝိုင်အမ်ဘီအေက မြန်မာပြည်တွင် သီးခြားတက္ကသိုလ်ရှိရမည်ဟု အကြိမ်ပေါင်းများစွာ လှုံ့ဆော်ခြင်း၊ ကြွေးကြော်ခြင်း၊ တိုက်တွန်းခြင်းများပြုလုပ်ခဲ့သည်။ မြန်မာအစိုးရသည် ပညာရေးမင်းကြီး မစ္စတာမက်သယူးဟန်းတားဦးစီးသည့် အဖွဲ့ဝင် ၃၀ ခန့်ပါရှိသော ယူနီဗာစီတီအက်ဥပဒေရေးဆွဲရေး ကျွမ်းကျင်ကော်မတီတစ်ရပ်ကို ၁၉၁၈ ခုနှစ် ဇွန်လတွင် ဖွဲ့စည်းခဲ့သည်။ ယင်းကော်မတီဝင်အများစုက လက်တွေ့မပါ စာပေပညာဆန်သည့် ဘာသာရပ်များကို အဓိကထားပြီး တစ်ခုတည်းသော ကောလိပ်ပါဝင်သည့် သိပ္ပံယူနီဗာစီတီတည်ဆောက်ရန် တက္ကသိုလ်ဥပဒေတစ်ရပ်ကို ရေးဆွဲ၍ ၁၉၂၀ ပြည့်နှစ် စက်တင်ဘာလတွင် တင်သွင်းခဲ့သည်။

ထိုဥပဒေကြမ်းတွင် (၁)မြန်မာပြည်တွင် တက္ကသိုလ်တစ်ခုတည်းသာရှိရမည်။ (၂) ကောလိပ်ကျောင်း၌ ပညာသင်ကြားလိုသူများသည် ကျောင်းအိပ်၊ ကျောင်းစားဖြစ်ရမည်။ (၃) တက္ကသိုလ်ဝင်စာမေးပွဲမထားရှိတော့ဘဲ အစိုးရကပြုလုပ်သော ဟိုက်စကူးဖိုင်နယ်ခေါ် ဆယ်တန်းစာမေးပွဲကို အောင်မြင်ရမည်။ (၄) အင်္ဂလိပ်နှင့် အခြားဘာသာရပ်တစ်ခုခုတွင် ထူးချွန်စွာ တတ်မြောက်အောင်မြင်မှ တက္ကသိုလ်ဝင်ခွင့်ရမည်။ (၅) ဂုဏ်ထူးနှင့် ဝိဇ္ဇာဘွဲ့တန်းတွင် တစ်ခါဖြေဆို၍ မအောင်မြင်ပါက နောက်နောင် ဖြေဆိုခွင့်မပြု။ (၆)တက္ကသိုလ်ဝင်ခွင့်ရရှိပါကလည်း တက္ကသိုလ်ပညာရပ်များကို တစ်ခါတည်းစ၍ မသင်ရသေးဘဲ တက္ကသိုလ်ပြင်ဆင်ခွင့် အတန်းတွင် တစ်နှစ်နေရမည်။ (၇) ပြင်ဆင်ခွင့်အတန်းတွင် တစ်နှစ်နေပြီးသော်လည်း တက္ကသိုလ်ပညာရပ်များကို မလိုက်နိုင်သေးဟု သတ်မှတ်ခံရလျှင် တက္ကသိုလ်ပညာရပ်များကို ဆက်လက်သင်ယူခွင့်ရဦးမည်မဟုတ် စသော လက်မခံနိုင်သည့် အချက်အလက်များပါဝင်ရာ ယင်းအချက်အလက်များကို ကောလိပ်ကျောင်းသားများ၊ သတင်းစာများနှင့် ဂျီစီဘီအေနယ်ဒေသအစည်းအဝေးများကပါ ဝိုင်းဝန်းကန့်ကွက်ခဲ့ကြသည်။

မည်သို့ပင် ဝိုင်းဝန်းကန့်ကွက်ခဲ့ကြသော်လည်း မြန်မာပြည်ဘုရင်ခံ ဆာရက်ဂျီနယ်ကရက်ဒေါက်က မြန်မာများသည် ပညာရေးအကြောင်း နားမလည်ဟုဆိုကာ တောင်းဆိုချက်များကို လျစ်လျူရှုခဲ့ပြီး ထိုနှစ် ဒီဇင်ဘာ ၁ ရက်နေ့မှစ၍ တက္ကသိုလ်အက်ဥပဒေကို အတည်ပြုကြောင်း ကြေညာလိုက်သည်။ ဒီဇင်ဘာ ၂ ရက်နေ့တွင် ကောလိပ်ကျောင်းသားခေါင်းဆောင်များသည် တိုင်ပင်ဆွေးနွေး၍ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကန့်ကွက်သည့်အနေဖြင့် ကောလိပ်နှစ်ခုလုံးက အရေးဆိုရန် ဆုံးဖြတ်ကြသည်။ ဒီဇင်ဘာ ၄ ရက်နေ့တွင် ကျောင်းသားအစည်းအဝေးကြီးပြုလုပ်၍ တက္ကသိုလ်အက်ဥပဒေကို အရေးဆိုဆန့်ကျင်ကြရန် ဆုံးဖြတ်ကြသည်။ နယ်ချဲ့အစိုးရက ယူနီဗာစီတီဖွင့်ပွဲကို ဒီဇင်ဘာ ၇ ရက်နေ့တွင် ဖွင့်လှစ်ရန် ကြေညာလိုက်သည်ကိုအကြောင်းပြု၍ ကျောင်းသားတို့က ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်)တွင် တက္ကသိုလ်အက်ဥပဒေကို လုံးဝကန့်ကွက်ကြောင်း ဖော်ပြသည့်အနေဖြင့် ကျောင်းမတက်ကြဘဲ ဆန့်ကျင်အရေးဆိုကြောင်း ကြေညာလိုက်လေသည်။

ရန်ကုန်မြို့ရှိ အထက်တန်းကျောင်းသား၊ ကျောင်းသူများကလည်း နောင်တော် ကောလိပ်ကျောင်းသားကြီးများ၏ အရေးဆိုဆန့်ကျင်ပွဲကို ထောက်ခံသည့်အနေဖြင့် သက်ဆိုင်ရာကျောင်းများကို မတက်ကြတော့ဘဲ ဗဟန်းအရေးဆိုပွဲစခန်းသို့ လာရောက်ကာ အရေးဆိုဆန့်ကျင်စာရင်းသွင်းကြသည်။ ထိုမှ မြန်မာတစ်နိုင်ငံလုံးရှိကျောင်းများသို့ ပညာရေးအရေးတော်ပုံကြီး ပျံ့နှံ့ရောက်ရှိသွားလေသည်။ အရေးဆိုကန့်ကွက်ကြသော ကျောင်းသား၊ ကျောင်းသူများဘက်မှ မြို့ခံလူထုကြီးတစ်ရပ်လုံးက မားမားမတ်မတ်ရပ်တည်ကာ အားပေးထောက်ပံ့ကြသည်။

ရန်ကုန်ကောလိပ်အာဏာပိုင်များသည် ကျောင်းသား၊ ကျောင်းသူများ၏ အရေးဆိုချက်ကို မစဉ်းစားဘဲ ဒီဇင်ဘာ ၂၃ ရက်နေ့တွင် ကျောင်းပြန်မတက်က ကျောင်းမှနုတ်ပယ်ပစ်မည်ဟု ကြေညာပြန်သည်။ ဆန့်ကျင်အရေးဆိုနေသည့် ကျောင်းသားကြီးများက မိမိတို့ အမည်စာရင်းများကို ကျောင်းစာရင်းမှ အပြီးတိုင်ထုတ်ပယ်ပါမည့်အကြောင်း အာဏာပိုင်တို့ထံ စာတင်၍ တုံ့ပြန်လေသည်။

ဒီဇင်ဘာ ၂၉ ရက်နေ့တွင် ဂျီစီဘီအေအသင်းချုပ်ကြီးက အစည်းအဝေးပြုလုပ်၍ မြန်မာပြည်တွင် အမျိုးသားကျောင်းများ၊ ကောလိပ်များနှင့် တက္ကသိုလ်များဖွင့်လှစ်ရန်၊ ဝိုင်အမ်ဘီအေနှင့် အလားတူအသင်းများလက်အောက်ရှိ ကျောင်းများကို အမျိုးသားကျောင်းများအဖြစ် ပြောင်းရန်နှင့် အစိုးရကျောင်းများသို့ ပြန်မတက်ရန်တို့ကို တိုက်တွန်းနှိုးဆော်လေသည်။

အမြို့မြို့ရှိ ဝံသာနုကြီးများ၏ စေတနာသဒ္ဓါတရားကို ခံယူရရှိမှုကြောင့် အနယ်နယ်အရပ်ရပ်တွင် အမျိုးသားကျောင်းများ တစ်မုဟုတ်ချင်း ပေါ်ထွက်လာသည်။ အမျိုးသားကောလိပ်ကြီးပေါ်ထွန်းလာရာ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ဆရာတော်ဦးဉာဏ၊ ဒီးဒုတ်ဦးဘချို စသော ပုဂ္ဂိုလ်ကြီးများက ပါမောက္ခ၊ ကထိကဆရာကြီးများအဖြစ်ပါဝင်၍ စေတနာ့ဝန်ထမ်း စာပြပေးကြလေသည်။




## (၉၁) နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

- ★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ★ အမျိုးသားပညာရည်မြင့်မားရေး၊
- ★ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
- ★ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

၁၉၂၁ ခုနှစ် ဩဂုတ်လတွင် ဗဟန်း ရွှေကျင်ကျောင်းတိုက်၌ အမျိုးသားကောလိပ်ကို အောင်မြင်စွာ ဖွင့်လှစ်သင်ကြားနိုင်ခဲ့သည်။ အမျိုးသားပညာရေးကောင်စီဟူ၍လည်း ပေါ်ထွန်းလာကာ မြန်မာတစ်နိုင်ငံလုံးတွင် အမျိုးသားကျောင်းများ ပေါ်ထွန်းလာအောင် စည်းရုံးအားပေးနိုင်ခဲ့သည်။

၁၉၂၀ ပြည့်နှစ် ကောလိပ်ကျောင်းသားကြီးများ ဦးဆောင်သည့် ကိုလိုနီပညာရေးစနစ်ကို ဆန့်ကျင်သော အရေးဆိုပွဲသည် ထိုခေတ်က နယ်ချဲ့ဆန့်ကျင်ရေး ဝံသာနုလှုပ်ရှားမှုကို ကြီးစွာ အထောက်အကူပြုခဲ့သည်။ ဂျီစီဘီအေအသင်းချုပ်ကြီး၏ ထောက်ခံအားပေးမှုကလည်း ကိုလိုနီခေတ်လူများအား ဝံသာနုစိတ်ဓာတ်များ နိုးကြားလာစေရန် များစွာအထောက်အကူပြုခဲ့သည်။ ထိုလှုပ်ရှားမှုကြီးကြောင့် အမျိုးသားကျောင်းများ ပေါ်ပေါက်လာရုံသာမက ခေတ်သစ် အမျိုးသားပညာရေးအတွေးအခေါ်ကိုလည်း ပေါက်ဖွားစေခဲ့သည်။ မြန်မာတစ်မျိုးသားလုံးအတွက် နိုင်ငံရေးနိုးကြားမှု၊ အမျိုးသားစည်းလုံးမှု၊ ဇာတိသွေး ဇာတိမာန် မြင့်မားမှုတို့ကိုလည်း ပို့ဆောင်ပေးလေသည်။ မြန်မာတို့၏ စိတ်ဓာတ်မြင့်တင်ရေး တော်လှန်မှုအောင်ပွဲကြီးပင်ဖြစ်သည်။

၁၉၂၁ခုနှစ် အောက်တိုဘာ ၂၄ ရက်နေ့တွင် မန္တလေးမြို့၌ ကျင်းပသော နဝမအကြိမ်မြောက် ဂျီစီဘီအေညီလာခံကြီး၌ အမျိုးသားနေ့သတ်မှတ်ရန် စဉ်းစားကြသောအခါ ၁၉၂၀ ပြည့်နှစ်တွင် ကျောင်းသားများ စတင်အရေးဆိုခဲ့သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို သတ်မှတ်ရန်သဘောတူခဲ့ကြပြီး ၁၉၂၂ ခုနှစ် ဇွန်လတွင် ရန်ကုန်မြို့ရှိ ဂျူဗလီဟော၌ ကျင်းပသော ဂျီစီဘီအေ အထူးကွန်ဖရင့်က အတည်ပြုဆုံးဖြတ်ခဲ့လေသည်။ နယ်ချဲ့ဗြိတိသျှတို့အား ပထမဆုံး ထိထိရောက်ရောက် တော်လှန်ဆန့်ကျင်သောနေ့ဖြစ်သည့် ထို တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်အတည်ပြု၍ မြန်မာတို့၏ အမျိုးသားအောင်ပွဲနေ့ကို နှစ်စဉ် ကျင်းပခဲ့ကြသည်။

ယခုနှစ် ကျင်းပသည့် မြန်မာအမျိုးသားနေ့မှာ (၉၁)နှစ်မြောက် ဖြစ်သည်။ ရှေးခေတ် ဘိုးဘွားဘီဘင်တို့ စိုက်ထူထွန်းညှိခဲ့သော အမျိုးသားနေ့ မီးရှူးတန်ဆောင်ကြောင့် မြန်မာတို့၏ ဝံသာနုရက္ခိတစိတ်ဓာတ် ရှင်သန်ထက်မြက်ခဲ့ပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးကို ဦးတည်ဆောင်ရွက်နိုင်ခဲ့သည်။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကိုပါ ပြန်လည်ရယူနိုင်ခဲ့သည်။ ဤအမျိုးသားအောင်ပွဲနေ့၏ ကောင်းကျိုးရလဒ် အသီးအပွင့်များ ထာဝစဉ် ရှင်သန်ကြီးထွားနေအောင် သားစဉ်မြေးဆက် လက်ဆင့်ကမ်းသယ်ဆောင်သွားရမည်မှာ မြန်မာအမျိုးသားထုကြီး တစ်ရပ်လုံး၏ မွေးရာပါတာဝန်ပင်ဖြစ်သည်။

ဤတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သွားရန်အတွက် မျက်မှောက်ကာလ၏ အဓိကလိုအပ်ချက်များမှာ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အမျိုးသားပညာရည်မြင့်မားရေး၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးတို့ပင် ဖြစ်သည်။ ဤလိုအပ်ချက် ဦးတည်ချက်များကို လိုလိုလားလား ကြိုးကြိုးစားစားဖြင့် စည်းလုံးညီညွတ်စွာ ဖော်ဆောင်ဖြည့်ဆည်းသွားကြခြင်းဖြင့် ပြည်ထောင်စုဖွားတိုင်းရင်းသားတို့ လိုလားတောင့်တသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးကို မလွဲမသွေ တည်ဆောက်ပိုင်ဆိုင်ကြမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

---

## ရုပ်သစ် ဘဝသစ် ထူထောင်မှုအဖွဲ့ မှ မွေးရာပါ ချို့ယွင်းလူနာများအား အခမဲ့ကုသပေး

**ရန်ကုန်  နိုဝင်ဘာ  ၁၉**

ပင်လုံအုပ်စုဆေးရုံများတွင် မွေးရာပါချို့ယွင်းမှုရှိသော နှုခေါင်းကွဲ၊ အာခေါင်ကွဲလူနာများအား အခမဲ့ ကုသပေးရန် ပါမောက္ခ ဦးကိုကိုမောင်နှင့် အိန္ဒိယနိုင်ငံမှ Dr.Joytsna Murthy (Sri Ramachandra University, India Porur Chennai) ဦးဆောင်သော အဖွဲ့ဝင် ၁၁ ဦးပါဝင်၍ ပူးပေါင်းခွဲစိတ်ကုသရန် နိုဝင်ဘာ ၁၃ ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိပြီး နိုဝင်ဘာ ၁၄ ရက်မှ ၁၇ ရက်ထိ ပင်လုံဆေးရုံကြီးတွင် လူနာပေါင်း ၇၀ အား အခမဲ့ခွဲစိတ်ကုသပေးခဲ့သည်။ နိုဝင်ဘာ ၁၈ ရက်မှ ၁၉ ရက်ထိ နေပြည်တော် ဥတ္တရဆေးရုံကြီးတွင် လူနာ ၃၃ ဦးအား ခွဲစိတ်ကုသရန် စီစဉ်ဆောင်ရွက်ထားသည်။

အဆိုပါ ရုပ်သစ် ဘဝသစ် ထူထောင်မှုအဖွဲ့မှာ ၂၀၀၉ ခုနှစ်မှစတင်၍ ယနေ့အချိန်ထိ လူနာပေါင်း ၁၀၉ ဦးအား အခမဲ့ ကုသပေးလျက်ရှိကြောင်းနှင့် နောက်ထပ်ခွဲစိတ်ကုသမည့် လူနာများအား ဓာတ်မှန်ဌာနနှင့် ပင်လုံအုပ်စု ပုဂ္ဂလိက ဆေးရုံများတွင် ကြိုတင်စာရင်းပေးသွင်းထားရကြောင်း သိရသည်။ (သဲမောင်)



# ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်အား ဗြိတိန်ဘုန်းတော်ကြီး လာရောက်တွေ့ဆုံ

ရန်ကုန် နိုဝင်ဘာ ၁၉

**သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်အား ဗြိတိန်နိုင်ငံမှ ဗြိတိန်ဘုန်းတော်ကြီး Lord George Carey သည် ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း သာသနာရေးဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ)ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**(အပေါ်ပုံ)

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့်အတူ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သိန်းညွန့်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာသန့်ဇင်နိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗြိတိန်ဘုန်းတော်ကြီး Lord George Carey နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

# (၁၃)ကြိမ်မြောက် အထွေထွေရောဂါကုဆရာဝန်များ ညီလာခံဖွင့်ပွဲ တောင်ကြီးမြို့၌ ကျင်းပ

**ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် တာဝန်ရှိသူများက (၁၃)ကြိမ်မြောက် အထွေထွေရောဂါကုဆရာဝန်များ ညီလာခံဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)



**နေပြည်တော် နိုဝင်ဘာ ၁၉**

(၁၃)ကြိမ်မြောက် အထွေထွေရောဂါကုဆရာဝန်များ ညီလာခံဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၈ ရက် နံနက် ၈ နာရီတွင် တောင်ကြီးမြို့ မြန်မာနိုင်ငံဆရာဝန်အသင်း (တောင်ကြီး) ခန်းမဆောင်၌ ကျင်းပရာ ရှေးဦးစွာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်၊ အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဦးတင်အေး၊ အထွေထွေရောဂါကုဆရာဝန်များအဖွဲ့ (တောင်ကြီး) ဥက္ကဋ္ဌ ဒေါက်တာဒေါ်နှင်းရီအေးတို့က ဖဲကြိုးဖြတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့သည် ကုမ္ပဏီများ၏ ဆေးနှင့် ဆေးပစ္စည်း အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌ၊ အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့ ဥက္ကဋ္ဌနှင့် အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့ (တောင်ကြီး) ဥက္ကဋ္ဌတို့က အမှာစကား ပြောကြားကြသည်။

အဆိုပါ (၁၃)ကြိမ်မြောက် အထွေထွေရောဂါကုဆရာဝန်များ ညီလာခံတွင် ဆေးနှင့် ဆေးပစ္စည်းကုမ္ပဏီ ဆိုင်ခန်းပေါင်း ၃၀ ကျော် ဖွင့်လှစ်ပြသ ရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် ညအပူချိန်များ လျော့နည်းနေ

**နေပြည်တော် နိုဝင်ဘာ ၁၉**

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** မွန်ပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၇ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ပင်လောင်းမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၆ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့နှင့် ဟားခါးမြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် ညအပူချိန်များ လျော့နည်းနေမည်။

# ရာသီအကူးအပြောင်းကာလ ချောင်းဆိုးခြင်းများရှိနိုင်၍ ဆေးမြီးတိုဖြင့် မကုသဘဲ စနစ်တကျ ကုသသွားဖို့လို

**ရန်ကုန် နိုဝင်ဘာ ၁၉**

ယခုလို ရာသီအကူးအပြောင်းကာလများတွင် ချောင်းဆိုး၊ အအေးမိခြင်းများ ရှိနိုင်ခြင်းကြောင့် ဆေးမြီးတိုများဖြင့် ကုသမနေဘဲ နားလည်တတ်ကျွမ်းသော ဆရာဝန်များဖြင့် စနစ်တကျပြသကာ ကုသမှုခံယူသင့်ကြောင်း အထွေထွေရောဂါ အထူးကု ဆရာဝန်ကြီးတစ်ဦးက ပြောသည်။

နေ့လယ်ခင်းများတွင် အလွန်ပူပြီး နံနက်ခင်းပိုင်းတွင် အအေးဓာတ်များ ဝင်ရောက်ခြင်း၊ ရုံဖန်ရံခါ အခါလွန်မိုးများ ရွာသွန်းခြင်းတို့ကြောင့် ယခုကာလတွင် ချောင်းဆိုးကာ အအေးမိနှာစေး၍ ဖျားနာတတ်သောအခြေအနေ ရာသီကာလမျိုးလည်း ဖြစ်သည်။

"ချောင်းဆိုးတယ်၊ ဖျားနာတယ်ဆိုပြီးတော့ နီးစပ်ရာဆိုင်တွေကနေပြီးတော့ စပ်ဆေးတွေ ဝယ်မသောက်သင့်သလို ဆေးမြီးတိုတွေနဲ့လည်း ကိုယ့်သဘောနဲ့ကိုယ် မကုသသင့်ပါဘူး။ နားလည်တတ်ကျွမ်းတဲ့ ဆရာဝန်နဲ့ သေသေချာချာ ပြသသင့်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်အတွင်း နေထိုင်သည့် ဆရာဝန်ကြီးက ဆက်လက်ပြောပြခဲ့သည်။

အချို့မှာ ဆေးရုံ၊ ဆေးပေးခန်းနှင့် ကျန်းမာရေးဌာနများသို့ လာရောက်ပြသရန် ဝန်လေးတတ်ပြီး နီးစပ်ရာ ဆေးဆိုင်များတွင် ဆေးများကိုစပ်ခိုင်းကာ စပ်ဆေးများ သောက်သုံးခြင်းကလည်း မလိုလားအပ်ဘဲ ဘေးထွက်ဆိုးကျိုးများဖြစ်ကာ အန္တရာယ်ကြုံလာနိုင်ခြင်းကြောင့် ၎င်းက အကြံပြုပြောကြားခြင်းဖြစ်သည်။ ထို့အပြင် ဆေးဆိုင်များတွင် ဆေးများကို စပ်ခိုင်းရုံသာမကဘဲ နားကြပ်ဖြင့် ကျန်းမာရေးစမ်းသပ်ခြင်း၊ သွေးပေါင်ချိန်တိုင်းခြင်းတို့ကိုလည်း လုပ်ဆောင်လာကြပြီး သွေးပေါင် တစ်ခါချိန်ရုံဖြင့်ပင် ငွေကျပ် ၂၀၀ ဖြင့် ဝန်ဆောင်မှုပေးသည်အထိ ကျယ်ပြန့်လာကြောင်း သိရသည်။ ဆေးပေးခန်းများ၏ စမ်းသပ်ကုသမှုစရိတ်များ မြင့်မားမှုကြောင့်လည်း ဝင်ငွေနည်းသော သူများအနေဖြင့် ဆေးဆိုင်များကို အားထားရာမှ ယင်းကဲ့သို့ ဈေးကွက်တစ်ရပ်အဖြစ် ကျယ်ပြန့်လာခဲ့ခြင်းဖြစ်သည်။

(၆၈၀)

# ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့်ပွဲတော် အထိမ်းအမှတ်လက်ဆောင်ပစ္စည်း ဝယ်ယူသူများပြား

**ရန်ကုန် နိုဝင်ဘာ ၁၉**

ရွှေတိဂုံစေတီတော် နှစ် (၂၆၀၀)ပြည့်ပွဲတော် အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများကို စေတီတော် အင်္ဂါထောင့်၌ ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။

ရောင်းချပေးနေသည့် အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများမှာ ယောဂီတဘက်တစ်ထည်လျှင် ငွေကျပ် ၁၀၀၀၊ လက်ဆွဲအိတ် ငွေကျပ် ၁၈၀၀၊ ငွေကျပ် ၇၀၀၊ လူကြီးဝတ်တီရှပ်တစ်ထည် ငွေကျပ် ၁၄၀၀၊ ကလေး ဝတ်တီရှပ်(ဝမ်းဆက်) ငွေကျပ် ၁၄၀၀၊ စားပွဲတင်ရွှေတိဂုံစေတီပုံတော်(ကျောက်စီ) ငွေကျပ် ၂၅၀၀၊ ငွေကျပ် ၂၀၀၀၊ စားပွဲတင်ရွှေတိဂုံစေတီပုံတော် ငွေကျပ် ၈၀၀၊ ငွေကျပ် ၇၀၀၊ နံရံကပ်စေတီပုံတော် (ဘောင်ပါ) ငွေကျပ်၂၅၀၀၊ ဦးထုပ်တစ်လုံး ငွေကျပ် ၁၀၀၀၊ သော့ချိတ် ငွေကျပ် ၃၀၀၊ ငွေကျပ် ၂၀၀၊ ငွေကျပ် ၁၀၀၊ မှတ်စုစာအုပ်(အသေး) တစ်အုပ်လျှင် ငွေကျပ် ၃၀၀ နှင့် ဘောလ်ပင်တစ်ချောင်း ငွေကျပ် ၁၀၀ တို့ဖြင့် ရောင်းချပေးလျက်ရှိရာ ဘုရားဖူးပြည်သူများ၊ ကမ္ဘာလှည့်ခရီးသည်များနှင့် ပြည်ပသာသနာပြုအဖွဲ့များက သဘောကျနှစ်သက်စွာဖြင့် ဝယ်ယူအားပေးလျက်ရှိကြောင်း သိရသည်။

(ကိုကြီးသာ)

# အရည်အသွေးကောင်းမွန်မှုအပေါ် မူတည်၍ စပါးဝယ်ယူမှုပုံစံ ပြောင်းလဲလာ

**ရန်ကုန် နိုဝင်ဘာ ၁၉**

ယခုနှစ် မိုးစပါးရာသီတွင် ရာသီဥတုဖောက်ပြန်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းတို့ကြောင့် မိုးစပါးစိုက်ခင်းများ ရေနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ရာတွင် မိုးစပါးအထွက်နှုန်းဆုတ်ယုတ်မှုများဖြစ်ပေါ်ခဲ့ပြီး စပါးဝယ်ယူရာတွင်လည်း အရည်အသွေးကောင်းမွန်မှုအပေါ် မူတည်၍ ဝယ်ယူမှုပုံစံပြောင်းလဲခဲ့ကြောင်း ဆန်စက်ပိုင်ရှင်များနှင့် ကုန်သည်များထံမှ သိရှိရသည်။

ရေစိုမိုးမိသော စပါးများကို ခေတ်မီအခြောက်ခံစက်များအသုံးပြုခြင်း၊ လေလုံအိတ်များဖြင့် ထည့်ခြင်း၊ သိုလှောင်ရုံများတွင် ထားရှိသိမ်းဆည်းခြင်းဖြင့် အရည်အသွေးကောင်းမွန်သောဆန် ကြိတ်ခွဲရရှိနိုင်ရေးနှင့် ဈေးကောင်းရရှိရေးအတွက် ပြင်ဆင်ဆောင်ရွက်မှုများ ပိုမိုပြုလုပ်လာကြသည်ဟု သိရသည်။ ထို့အပြင် မိုးလွတ်သော၊ ရေလွတ်သော ရေလွှမ်းမိုးခြင်းမရှိခဲ့သော စိုက်ခင်းများ၊ မြန်မာနိုင်ငံ အထက်ပိုင်းဒေသများရှိ စိုက်ခင်းများနှင့် မိုးစပါး နောက်ကျစိုက်ပျိုးခဲ့သော စပါးများ၏ အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်နိုင်သော အလားအလာများကြောင့် အရည်အသွေး ကောင်းမွန်မှုအပေါ် မူတည်၍ ဈေးကောင်းပေးဝယ်ယူမှုများ ရှိလာကြောင်းသိရသည်။

အရည်အသွေးပေါ် မူတည်၍ ဈေးကောင်းပေး ဝယ်ယူလျက်ရှိရာတွင် ရွှေဘိုစပါးတစ်တင်းလျှင် ၈၀၀၀ နှုန်းဖြင့် ပေးဝယ်လျက်ရှိပြီး တင်းတစ်ရာလျှင် ကျပ် ရှစ်သိန်းအထိ ရရှိနေသည်ဟု သိရသည်။ ဧည့်မထအုပ်စုဝင်စပါးများကို တစ်တင်းလျှင် ကျပ် ၅၀၀၀ ဖြင့် ဈေးရရှိပြီး ပဲခူးတိုင်းဒေသကြီး ပတ်ဝန်းကျင်ရှိ ရေစို မိုးမိစပါးများမှာမူ တစ်တင်းလျှင် ကျပ် ၃၀၀၀ ဝန်းကျင်ခန့်သာ ရရှိသည်ဟု သိရသည်။

"စပါးတင်းတစ်ရာ ကြိတ်ရင် ဘယ်လောက်ကျမလဲ မှန်းဆပြီး အရည်အသွေးကို ဈေးပေးဝယ်တယ်။ အထွက်နှုန်းကောင်းဖို့တင် မဟုတ်တော့ဘဲနဲ့ အရည်အသွေးပါ ကောင်းဖို့၊ ဒါမှ ဈေးကောင်းရဖို့အတွက် နည်းပညာနဲ့ အခြောက်ခံစက်၊ ရိတ်သိမ်းခြွေလှေ့စက်တွေ ပိုသုံးလာကြတယ်။ ဒါက ဧကအများအပြားလုပ်နေတဲ့ တောင်သူကြီးတွေနဲ့ ကုမ္ပဏီကြီးတွေပါ။ သာမန်လယ်သမားတွေကတော့ မိရိုးဖလာနည်းနဲ့ပဲ တစ်နှစ်တစ်နှစ်ကို လိမ်ဖည်လိမ်ဖည်သွားနေကြရာကနေ လယ်ပိုင်ကနေ စာရင်းငှားဘဝ ရောက်သွားတာတွေလည်းရှိတယ်"ဟု ဆန်စက်ပိုင်ရှင်တစ်ဦးက မှတ်ချက်ပြုသည်။

(ဝဝ၁)



**အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့ ဘာလီအင်တာနေရှင်နယ်ကွန်ဗင်းရှင်းစင်တာ၌ နိုဝင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ ကျင်းပခဲ့သည့် ASEAN Summit နှင့် 2011 ASEAN Business and Investment Summit တို့သို့ တက်ရောက်ရန် နိုဝင်ဘာ ၁၅ ရက်က ထွက်ခွာသွားခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ဗဟိုအလုပ်အမှုဆောင် ဒေါ်ဝါဝါထွန်းတို့အား အသင်းချုပ် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးအောင်လွင်၊ ဦးသောင်းတင်နှင့် ဦးထွန်းအောင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။** (ကြေးမုံ)

# အထက(၁) ပုဇွန်တောင် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၉**

အထက(၁) ပုဇွန်တောင် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၈)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် တွေ့ဆုံပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၈ ရက် မွန်းတည့် ၁၂ နာရီတွင် ကျင်းပမည်ဖြစ်ရာ အခမ်းအနားဖြစ်မြောက်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီတွင် ယင်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သဖြင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

(သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

## ၂၀-၁၁-၂၀၁၁ (တနင်္ဂနွေနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ဘာအားကိုးမလဲ" တရားတော် (အောင်စကြာ ဆရာတော်ဘဒ္ဒန္တစန္ဒသူရိယ)
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၃၁)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၂၆)**
- ၈း၄၅ မြန်မာပြည်သိန်းတန် နှုတ်ဆက်ဂီတညချမ်း ဂီတဖျော်ပွဲ (Part-3)
- ၉း၃၅ Sunday Talk (ဒေါက်တာခင်မောင်ညို၊ မျိုးမြတ်သူ)
- ၁၀း၁၀ ကညွတ်ကွင်းရဲ့မင်္ဂလာရှိသောနေ့တစ်နေ့
- ၁၀း၃၀ ဗီဒီယိုပြခန်း
- ၁၀း၄၅ Activities In The City
- ၁၁း၀၅ ယောနယ်အသင်း(ရန်ကုန်) ယောသံဃာတော်များပူဇော်ကန်တော့ပွဲနှင့် စာအောင်သံဃာ ဆုချီးမြှင့်ပွဲအခမ်းအနား
- ၁၁း၂၀ မန္တလာမြေမှ ပရိဘောဂကမ္ဘာ Sweety Life Furniture
- ၁၁း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၅)**
- ၁၂း၁၅ Weeding & Life Style Expo' 2011 နှင့် Haicneal ခေါင်းလျှော်ရည်
- ၁၂း၃၀ စာအုပ်စာပေလှူမိတ်ဆွေ "အိုကံကောင်းမှာလား စာအုပ်မိတ်ဆက်တင်ပြခြင်း"
- ၁း၀၀ "ဘာအားကိုးမလဲ" တရားတော် (အောင်စကြာ ဆရာတော်ဘဒ္ဒန္တစန္ဒသူရိယ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ စကားနပန်း
- ၃း၁၅ ဆံသားကျန်းမာရေးကိုသဘာဝကျကျထိန်းသိမ်းတတ်စေဖို့
- ၃း၃၀ Save The Children
- ၄း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၂၆)**
- ၄း၅၀ ရှမ်းပြည်တောင်ပိုင်း ကလောမြို့နယ် မြေခြားဖောင်တော်ဦးဘုရား ဗုဒ္ဓပူဇနိယပွဲတော်
- ၅း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၆)**
- ၅း၄၅ ဆွေးနွေးတိုင်ပင်. . . နှစ်နိုင်ငံစီးပွားရေးအမြင် မြန်မာ-မလေးရှားစီးပွားရေးဆိုင်ရာ အကြံပြုဆွေးနွေးပွဲနှင့် သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနား
- ၆း၀၀ MRTV-4 သတင်း
- ၆း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၃၂)**
- ၇း၁၀ မြန်မာပြည်သိန်းတန် နှုတ်ဆက်ဂီတညချမ်း ဂီတဖျော်ပွဲ (Part-4)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ သွားမယ်စားမယ်
- ၉း၀၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၄၃)
- ၉း၁၅ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၂၇)**
- ၁၀း၁၀ ပရီမီယာလိဂ်ရင်ခုန်သံ
- ၁၀း၃၀ Barclays Premier League (Chelsea Vs Liverpool)
- ၁၂း၃၀ ကလေးများနဲ့ကျန်းမာရေး
- ၁၂း၃၅ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ [မျိုးရိုးထဲကဆိုးပေကြီးဗလ(သို့) အကယ်ဒမီသုမောင်သို့] (အပိုင်း-၁)
- ၁း၀၅ ကလေးများအတွက်အကောင်းဆုံး (ရီဝေယံ၊ မင်းရာဇာ၊ ပန်းဖြူဖြိုးသူရကျော်) (ဒါရိုက်တာ-မင်းစိုးသီဟ)
- ၁း၂၀ ပြင်ဦးလွင်မြို့မှ ပြင်ဦးလွင်ဆွယ်တာစတားလုပ်ငန်း
- ၁း၄၀ ရိုးရာအစဉ်အလာ. . . ယဉ်ကျေးမှုအဖြာဖြာ. . . ပုဂံမြို့ရဲ့ယွန်းပြတိုက်မှာ
- ၂း၀၀ စွဲမက်ဖွယ်ရာရတနာ
- ၂း၂၅ ထင်ရှားကျော်ကြား ရွှေဘိုပေါ် ဆန်းဘေးကျား
- ၂း၄၀ ဆင်လိမ္မာတို့နားခိုရာ မြိုင်ဟေဝန်စခန်းမှာ
- ၃း၀၀ ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)၏ မသန်စွမ်းသူများအတွက် Barrier Free
- ၃း၃၀ တိရစ္ဆာန်လေးတွေမွေးကြမယ်
- ၃း၅၅ မောတို့မြေမှ အံ့ဖွယ်ထူးခြားလိုဏ်ဂူများ
- ၄း၄၅ သမိုင်းထဲကမင်းကွန်း လင်းလွန်းသည့်သာသနာ
- ၅း၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

### Barclays Premier League ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁၀း၃၀ | Chelsea - Liverpool | ESPN(MRTV-4) |

*ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ဟိုချီမင်းဒေသအတွင်း လှည့်လည်ကြည့်ရှုလေ့လာ

နေပြည်တော် နိုဝင်ဘာ ၁၉

**ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့တော်၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် Reunification Palace သို့ သွားရောက်လေ့လာကြပြီး ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။ ဆက်လက်၍ Cu Chi ခရိုင် Phu My Huno ကျေးရွာအုပ်စု Phu Hiep ရှိ Cu Chi Tunnel သို့ ရောက်ရှိရာ အမှတ်(၇)စစ်ဒေသမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် Cu Chi Tunnel အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဟိုချီမင်းမြို့ရှိ လေတပ် တပ်မ၌ လေယာဉ်၊ ရဟတ်ယာဉ်များကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

ထို့နောက် ဟိုချီမင်းမြို့ရှိ လေတပ် တပ်မသို့ ရောက်ရှိကြရာ ဧည့်ခန်းမ၌ နယ်မြေခံလေတပ် တပ်မမှူးက ရှင်းလင်းတင်ပြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နှုတ်ဆက်စကားပြောကြား၍ နှစ်နိုင်ငံ တပ်မတော် အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်ပေးအပ်ကာ လေတပ်အတွင်းရှိ လေယာဉ်၊ ရဟတ်ယာဉ်များအား ကြည့်ရှုလေ့လာကြသည်။

### ခင်မင်ရင်းနှီးစွာ ဆွေးနွေး

ညပိုင်းတွင် ဟိုချီမင်းမြို့တော် Tan Son Nhat Hotel ၌ အမှတ်(၇) ဒုတိယစစ်ဒေသကြီးမှူးက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ ညစာမသုံးဆောင်မီ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များအား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ အမှတ်(၇)ဒုတိယစစ်ဒေသကြီးမှူး Maj. General. Tron Don က ကြိုဆိုနှုတ်ဆက်ပြီး ဧည့်ခန်းမ၌ တွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ချစ်ခင်ရင်းနှီးမှုများ၊ ဆက်ဆံရေးတိုးမြှင့်ရေးဆိုင်ရာများကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

# လောကမိခင်စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

**ကျောက်ဆည် နိုဝင်ဘာ ၁၉**

ကျေးလက်လူမှုစီးပွားကဏ္ဍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးစေရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ကျောက်ဆည်မြို့နယ် တံတားဦးကုန်းကျေးရွာ၌ နိုဝင်ဘာ ၉ ရက် နံနက် ၉ နာရီတွင် လောကမိခင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကျင်းပရာ ခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုး၊ မြို့နယ်ပညာရေးမှူး ဦးချစ်ညိုနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းအေးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

(၆၁၆)



# မိုးစပါးစံကွက်ရိတ်သိမ်း

**ကျိုင်းတုံ နိုဝင်ဘာ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စု ကွင်းအမှတ် (၇၈) ဦးပိုင်အမှတ် (၈၂) ဧရိယာ ၁ ဒသမ ၃၄ ဧကရှိ တောင်သူဦးနန်ရီ၏ လယ်မြေတွင် ပြည်နယ်မြေစာရင်းဦးစီးဌာနမှူး ဦးကျော်ထင်နှင့် ခရိုင်/မြို့နယ်မြေစာရင်းဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့်အတူ မိုးစပါးစံကွက်ရိတ်သိမ်းခဲ့ရာ ကောင်း အဆင့်ရှိ ဆင်းရွှေဝါစပါး တစ်ဧကလျှင် ၈၅ ဒသမ ၃၄ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

(ပြည်နယ်မြေစာရင်း)

# (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင် Rowing လှေလှော်အဖွဲ့နှင့် သိုင်းအဖွဲ့ ပြန်လည်ရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁၉**

မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ယွပ်ဆိုင်းအိန် ခေါင်းဆောင်သော ၁၉ ဦးပါဝင်သည့် မြန်မာ့သိုင်းအဖွဲ့သည် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး နိုဝင်ဘာ ၁၈ ရက် ညနေ ၄ နာရီတွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာသည်။ မြန်မာ့သိုင်းအဖွဲ့သည် သိုင်းအားကစား ပန်ကြပ်ဆီလတ်ပြိုင်ပွဲတွင် တတိယ ကြေးတံဆိပ်သုံးခု ဆွတ်ခူးရရှိခဲ့သည်။

အဆိုပါနေ့ ညနေ ၆ နာရီ ၄၅ မိနစ်တွင် Rowing လှေလှော်အားကစားနည်း၌ ရွှေတံဆိပ် တစ်ဆု၊ ငွေတံဆိပ် နှစ်ဆုနှင့် ကြေးတံဆိပ်တစ်ဆု ဆွတ်ခူးရရှိခဲ့သော ဒေါ်မွန်မွန်ခိုင် ခေါင်းဆောင်သည့် ၃၄ ဦးပါဝင်သော Rowing လှေလှော်အားကစားအဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်ခင်ဆွေမြင့်၊ အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုဂုဏ်ပြုနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(ယာပုံ)** (သတင်းစဉ်)

# အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး



# (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်(၃)ခု၊ ငွေတံဆိပ်(၁)ခုနှင့် ကြေးတံဆိပ်(၃)ခု ဆွတ်ခူးရရှိခဲ့သော မြန်မာမြားပစ်အားကစားအဖွဲ့အား ဂုဏ်ပြုကြိုဆို

**ရန်ကုန် နိုဝင်ဘာ ၁၉**

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်သုံးခု ဆွတ်ခူးရရှိခဲ့သည့် အသင်းအုပ်ချုပ်သူ ဦးသန်းကြိုင် ဦးဆောင်သော ၂၃ ဦး ပါဝင်သည့် မြန်မာမြားပစ်အားကစားအဖွဲ့သည် ယနေ့ညနေ ၃ နာရီ ၄၅ မိနစ်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အရှေ့တောင်အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူများက ဂုဏ်ပြုပန်းစည်းများဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြု နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## လွမ်းသူ့ပန်းခွေချ

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဟနွိုင်းမြို့ ဟိုချီမင်း အထိမ်းအမှတ် ဂူဗိမာန်သို့ သွားရောက် လွမ်းသူ့ပန်းခွေ ချကြစဉ်။

(သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ

# ဟိုချီမင်းအထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြု

နေပြည်တော် နိုဝင်ဘာ ၁၉

**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးအလည်အပတ်ခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ဟနွိုင်းမြို့ ဟိုချီမင်းအထိမ်းအမှတ်ဂူဗိမာန် (Ho Chi Minh Mausoleum) သို့ သွားရောက်၍ လွမ်းသူ့ပန်းခွေချ အလေးပြုကြပြီး ဟိုချီမင်း၏ အထိမ်းအမှတ်နေရာများကို ကြည့်ရှုလေ့လာကြသည်။**



ယင်းနောက် ဟနွိုင်းမြို့ရှိ အရာရှိသင်တန်းကျောင်းသို့ရောက်ရှိရာ ကျောင်းအုပ်ကြီး Lt. General. Tran Quoc Phu က သင်တန်းများနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နှုတ်ဆက်စကားပြောကြားကာ နှစ်နိုင်ငံတပ်မတော် အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်၍ သင်တန်းကျောင်းမှ စွမ်းရည်ပြပစ်ခတ်စဉ်များကို ကြည့်ရှုအားပေးသည်။

### အပြန်အလှန်ပေးအပ်

ဆက်လက်၍ ဟနွိုင်းမြို့ရှိ လေတပ် တပ်မသို့ ရောက်ရှိရာ တပ်မမှူးက ရှင်းလင်းပြောကြားပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နှုတ်ဆက်စကားပြောကြား၍ နှစ်နိုင်ငံတပ်မတော် အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်ပေးအပ်ကြသည်။

ထို့နောက် လေတပ်ပြခန်းအတွင်း လှည့်လည်ကြည့်ရှုကြပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုး၍ ညပိုင်းတွင် ဟိုချီမင်းမြို့တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိခဲ့ကြသည်။

(သတင်းစဉ်)

# (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ

## မြန်မာနိုင်ငံက ရွှေလေးဆုနှင့် ငွေနှစ်ဆု ထပ်မံဆွတ်ခူး

## စုစုပေါင်းရွှေရှစ်ဆုဖြင့် နိုင်ငံအလိုက် အဆင့် (၇)တွင် ရပ်တည်




**ရန်ကုန် နိုဝင်ဘာ ၁၉**

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့နှင့် ပါလမ်ဘန်မြို့တို့၌ (၈)ရက်မြောက်နေ့အဖြစ် ဆက်လက်ကျင်းပလျက်ရှိရာ ယနေ့နံနက် ၉ နာရီခွဲမှ စတင်ယှဉ်ပြိုင်ခဲ့သော ရိုးရာလှေလှော်အားကစားပြိုင်ပွဲများဖြစ်သည့် မီတာ ၁၀၀၀ အမျိုးသမီး ရိုးရာလှေ ၁၀ တက်လှော်ပြိုင်ပွဲတွင် မြန်မာနိုင်ငံက ပထမရွှေတံဆိပ် ဆွတ်ခူးရရှိပြီး အင်ဒိုနီးရှားနိုင်ငံက ဒုတိယနှင့် ထိုင်းနိုင်ငံက တတိယဆုကိုလည်းကောင်း၊ မီတာ ၁၀၀၀ အမျိုးသားရိုးရာလှေ ၁၀ တက်လှော်ပြိုင်ပွဲတွင် မြန်မာနိုင်ငံက ပထမရွှေတံဆိပ် ဆွတ်ခူးရရှိပြီး အင်ဒိုနီးရှားနိုင်ငံက ဒုတိယနှင့် ထိုင်းနိုင်ငံက တတိယဆုကို လည်းကောင်း၊ မီတာ ၁၀၀၀ အမျိုးသမီးရိုးရာလှေ တက် ၂၀ လှော်ပြိုင်ပွဲတွင် မြန်မာနိုင်ငံက ပထမရွှေတံဆိပ် ဆွတ်ခူးရရှိပြီး အင်ဒိုနီးရှားနိုင်ငံက ဒုတိယနှင့် ထိုင်းနိုင်ငံက တတိယဆုကိုလည်းကောင်း၊ မီတာ ၁၀၀၀ အမျိုးသားရိုးရာလှေ တက် ၂၀ လှော်ပြိုင်ပွဲတွင် မြန်မာနိုင်ငံက ပထမရွှေတံဆိပ် ဆွတ်ခူးရရှိပြီး အင်ဒိုနီးရှားနိုင်ငံက ဒုတိယနှင့် ဖိလစ်ပိုင်နိုင်ငံက တတိယဆုကို လည်းကောင်း၊ ရွက်လှေအားကစားနည်း၌ International 470 Class အမျိုးသမီးပြိုင်ပွဲတွင် ခင်ညီလင်းနှင့် သီရိဝင်းရွှေတို့က ဒုတိယငွေတံဆိပ်ဆုကို လည်းကောင်း၊ အမျိုးသား ဂျူဒို(-၇၃) Kg ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ သူရဇော်က ငွေတံဆိပ်ဆုကို ဆွတ်ခူးရရှိပြီး ထိုင်းနိုင်ငံက ပထမဆုနှင့် ဖိလစ်ပိုင်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့က ပူးတွဲတတိယဆု ဆွတ်ခူးရရှိခဲ့သည်။

နိုဝင်ဘာ ၁၉ ရက် ပြိုင်ပွဲများတွင် မြန်မာနိုင်ငံက ရွှေတံဆိပ်လေးဆု၊ ငွေတံဆိပ်နှစ်ဆု ဆွတ်ခူးရရှိပြီး နိုဝင်ဘာ ၁၁ ရက်မှ ၁၉ ရက်အထိ မြန်မာနိုင်ငံသည် တီမော၊ ဘရူနိုင်း၊ ကမ္ဘောဒီးယားနှင့် လာအိုတို့ အထက်တွင် နိုင်ငံအလိုက် အဆင့် (၇)ဖြင့် ရပ်တည်လျက်ရှိကာ ရွှေတံဆိပ်ရှစ်ဆု၊ ငွေတံဆိပ် ၁၈ ဆုနှင့် ကြေးတံဆိပ် ၂၅ ဆု စုစုပေါင်း ၅၁ ခု ဆွတ်ခူးရရှိထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မိမိတို့နေအိမ်တွင်

(က) အိမ်နှင့်ခြံဝင်းအတွင်း အမှိုက်သရိုက်များကို သန့်ရှင်းစွာထားပါ။

(ခ) မီးချိတ်၊ မီးကပ်၊ သံပုံး၊ ရေပုံး၊ လှေကားများကို စနစ်တကျထားရှိပါ။

(ဂ) မီးငြိမ်းသတ်ရန် သီးသန့်ရေလှောင်ထားပါ။

(ဃ) လိုအပ်ပါက မီးသတ်ဆေးဘူးထားပါ။

(င) လောင်စာဆီများ မသိုလှောင်ပါနှင့်။

(စ) လောင်စာဆီအနီး မီးခြစ် ခြစ်ခြင်း၊ ဖယောင်းတိုင်ထွန်းခြင်း မပြုလုပ်ပါနှင့်။

(ဆ) ခြင်ဆေးခွေ၊ အမွှေးတိုင်၊ ဖယောင်းတိုင်များကို အောက်ခံခွက် မပါဘဲ အသုံးမပြုပါနှင့်။

(ဇ) လူမရှိဘဲ ဖယောင်းတိုင်၊ မီးခွက် ထွန်းမထားပါနှင့်။

(ဈ) ဆေးလိပ်တိုများကို မီးငြိမ်းပြီးမှ ပစ်ပါ။

**မီးသတ်ဦးစီးဌာန**

ယ နေ့ သ တ င် း အ ညွှ န် း

## ကျန်းမာရေးအတွက် နံနက်ခင်းလမ်းလျှောက်သူများ ယာဉ်အန္တရာယ်ကင်းစေရန် ဝတ်ဆင်သင့်ဟုဆို

ပြည်တွင်းသတင်း စာမျက်နှာ - ၃

## ဆိုလာပြားထုတ်လုပ်ရေး စက်ရုံ မလေးရှား၌ တည်ဆောက်မည်



နိုင်ငံတကာသတင်း စာမျက်နှာ - ၄

## အရည်အသွေးကောင်းမွန်မှုအပေါ် မူတည်၍ စပါးဝယ်ယူမှုပုံစံ ပြောင်းလဲလာ

ပြည်တွင်းသတင်း စာမျက်နှာ - ၇

## လာမည့်အပြောင်းအရွှေ့ဈေးကွက်တွင် ဂွါဒီယိုလာ ဝယ်ယူမည့် ကစားသမား ၁၂ ဦးထိရှိ



အားကစားသတင်း စာမျက်နှာ - ၁၀